မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၁၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၅ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာ

နိုင်ငံတော်ကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိ အစိုးရနှင့်ပြည်သူ တက်ညီလက်ညီဆောင်ရွက်မှုကြောင့် ဖွံ့ဖြိုးမှုများထင်ထင်ရှားရှားတွေ့မြင်နေရပြီ နယ်ချဲ့လက်သစ်တို့၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် မြန်မာအလုပ်သမားကြီးများ ဂုဏ်ဒြပ်ညှိုးနွမ်းသေးသိမ်စေ မမှန်မကန်စွပ်စွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင် ဖန်တီးနေမှုများ အမျိုးသားရေးအမြင်ဖြင့် သတိပြုကာကွယ်

ရန်ကုန် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၅ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

၂၀၀၅ခုနှစ် မေလ ၁ရက်နေ့တွင် ကျရောက်သော **"အလုပ်သမားနေ့"**အခါသမယတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး အတွက်လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း မိမိတို့ကျရာကဏ္ဍမှ ကာယအား၊ ဉာဏအားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော မြန်မာ အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ❐

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားဒေသဖွံ့ဖြိုးရေးစစ်ဆေး တည်ဆောက်ရေးလုပ်ငန်းများတွင် ငွေကြေးနှင့်ပစ္စည်းများ အလေအလွင့်မရှိရေးမှာကြား

ရန်ကုန် ဧပြီ ၃၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လိုက်ပါလျက် ဧပြီ ၂၇ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ **စာမျက်နှာ ၇ ကော်လံ ၁** ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ဧရာဝတီမြစ် ရေစီးရေလာအခြေအနေနှင့် မြစ်ကမ်းထိန်းကျောက်စီတာမံ တည်ဆောက် ပြီးစီးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

1-5 (01) 1 3/24/05, 9:03 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေ လ ၁ ရက်)

ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်မှုကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဂုဏ်ပြုကြိုဆို

မျက်မှောက်ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာရေး အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက် ပိုမိုခိုင်မာစေရန် တည်ဆောက်နေသည့် အချိန်ကာလ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှေးပဝေသဏီကာလကတည်းက ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုများအားလုံး စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်၊ အေးအတူ ပူအမျှ အတူတကွ လက်တွဲ နေထိုင်လာခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် ကိုလိုနီနယ်ချဲ့လက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရပြီး ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ခြင်းကို ခံခဲ့ရသည့် ဆိုးမွေကြောင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း နှစ်ပေါင်း ၄၀နီးပါးကြာအောင် တိုင်းရင်းသားလူမျိုးအချင်းချင်းကြားတွင် သံသယစိတ်များပွားပြီး လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် သဘာဝသယံဇာတ ပေါများ ကြွယ်ဝပြီး ရေခံမြေခံကောင်းရှိသည့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏တာဝန်ကို တပ်မတော်အစိုးရ ရယူခဲ့ပြီးနောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်နားလည်စာနာ ခွင့်လွှတ်မှုတို့ကို တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကြီး ၁၇ဖွဲ့အပါအဝင် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အပြန်အလှန် ယုံကြည်မှုကို ခိုင်မာသည်ထက် ခိုင်မာအောင်တည်ဆောက်ကြရင်း တိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်လာနိုင်သည့်အတွက် နယ်မြေဒေသ အသီးသီး၌ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို တည်ဆောက်နိုင်ခဲ့သည်။

ယင်းကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် ဧပြီလ ၁၂ရက်နေ့၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ်တွင် ၁၉၉၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA တပ်မဟာ(၁၁)မှ တပ်မဟာမှူး ဦးကန်နနှင့် တပ်ဖွဲ့ဝင်များကလည်းကောင်း၊ ဧပြီလ ၂၉ရက်နေ့တွင် ကျောက်မဲခရိုင် မန်တုံမြို့တွင် ၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များကလည်းကောင်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် တပ်မတော်ကထားရှိသည့် စေတနာမှန်ကို သိရှိနားလည် ယုံကြည်ပြီး ဒေသအကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နိုင်ရန်အတွက် ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ် လဲလှယ်အပ်နှံခဲ့ကြသည်။

ယင်းကဲ့သို့ ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား တိကျခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ နေ့စဉ် နှင့်အမျှ လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲဧကန် ဖော်ဆောင်နိုင်တော့မည် ဖြစ်သည်။ ထို့အပြင် ဒေသခံပြည်သူများတည်ငြိမ်အေးချမ်းစွာဖြင့် လူမှုဘဝမြင့်မားစေရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုကာ ဒေသအကျိုး၊ နိုင်ငံတော်အကျိုး ပိုမိုဖြစ်ထွန်းလာတော့မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဦးကန်န ဦးဆောင်သည့် SSNA တပ်ဖွဲ့ဝင်များနှင့် ဦးအိုက်မုန်းခေါင်းဆောင်သည့် PSLA တပ်ဖွဲ့ဝင်များ သံသယပျောက်၍ အမှန်ဘဝရောက်ကာ လမ်းကြောင်းမှန် တစ်ခုတည်းပေါ်သို့ တစုတပေါင်းတည်းရောက်ရှိလာကြပြီး ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် စွန့်လွှတ် အပ်နှံလဲလှယ်ခဲ့သည့် ရှေ့ဆောင်လမ်းပြ စံနမူနာပြ ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဂုဏ်ပြု ကြိုဆို ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြဝတီ ရုပ်မြင်သံကြား

၁-၅-၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော် ဣန္ဒြေလုံခြုံစေနည်း တရားတော်

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Public International Law (က) ဥပဒေ (တတိယနှစ်) Shapes of States (ခ) ပထဝီဝင် (တတိယနှစ်)
၄း၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၂)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ပဟေဠိနန်းတော်
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ °English Permier League ဘောလုံးပွဲ Charlton Athletic Vs Manchester United.

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းစွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်များဆုချီးမြှင့်

ရန်ကုန် ဧပြီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်၏ ၂၀၀၄ခုနှစ်မိုးချေးငွေလုပ်ငန်း စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်များ နှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိ သူများ၊ ရုံးချုပ်စာရင်းစစ် ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း

အခမ်းအနားကို ယမန်နေ့မွန်းလွဲ၁နာရီ ခွဲက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြား ရေးမှူး ဦးတင်လွှမ်းက အမှာစကား ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ဦးဆောင်ညွှန်ကြား ရေးမှူး ဦးတင်လွှမ်းက ၂၀၀၄ ခုနှစ် မိုးချေးငွေလုပ်ငန်းစွမ်းဆောင်မှုအကောင်း ဆုံး မြို့နယ်များအား ဆုများချီးမြှင့်ပြီး **(ဝဲပုံ)** အထွေထွေမန်နေဂျာ ဦးဝင်း ကြည်က သင်တန်းများတွင် ထူးချွန် ဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

လက်ခံရယူ

ထို့နောက် စက်မှုလယ်ယာဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က လယ်ယာ(၁၆)စက်များ အရောင်းချ နိုင်ဆုံး ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ် ဘဏ်ခွဲများအား ဂုဏ်ပြုဆုများ ချီးမြှင့် ရာ မြို့နယ်ဘဏ်မန်နေဂျာများက လက်ခံယူသည်။ **(သတင်းစဉ်)**

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကတိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက် ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား ဒါယကာ၊ ဒါယိကာမများကစုပေါင်းဂုဏ်ပြုပူဇော် သည့် ဂုဏပူဇာမင်္ဂလာ အခမ်းအနား ကို မေ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် နိကာယ်စာသင် တိုက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများနှင့် စေတနာရှင် ဓမ္မမိတ်ဆွေများ ဖုန်း-၀၉-၈၀- ၂၂၈၆၀၊ဖုန်း-၅၉၀၄၆၆သို့ ဆက်သွယ် ပူဇော်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်လာရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်

အနာဂတ် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများရရှိရန်

အလုပ်သမားကိုယ်စားလှယ်များ အမျိုးသားညီလာခံတွင် တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းလျက်ရှိ

❒ ရှေ့ဖုံးမှ

နာကြည်းဖွယ်တွေ့ရှိရ

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကိုပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်ခဲ့သည့် အမှောင်ခေတ်ကာလအတွင်း နယ်ချဲ့အစိုးရနှင့် ယင်းတို့၏လက်ဝေခံများက မြန်မာနိုင်ငံ၏ ပေါများကြွယ်ဝသော သယံဇာတများကို ထုတ်ယူသုံးစွဲခဲ့ကြရာ၌ တိုင်းရင်းသားအလုပ်သမားကြီးများ၏ လုပ်အားကို မတရားသောနည်းလမ်းများဖြင့် ဖိနှိပ်ရယူ အသုံးချခြင်း၊ နယ်ချဲ့တို့ကို နိုးကြားတက်ကြွစွာ ဆန့်ကျင်သည့် အလုပ်သမား၊ လယ်သမားနှင့် တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားအောင် အစီအစဉ်ရှိရှိ သပ်လျှိ သွေးခွဲအုပ်ချုပ်ခြင်းတို့ကို ခါးစည်းခံခဲ့ရကြောင်း နာကြည်းဖွယ်တွေ့ရှိရမည် ဖြစ်ပါသည်။

စိတ်ကူးမျှသာဖြစ်ခဲ့

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏ စနစ်တကျစီမံဖန်တီးခဲ့မှု၏ အကျိုးဆက်ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး၊ နိုင်ငံတော်ထူထောင်ရေးတွင် အရေးပါသည့် အင်အားစုများဖြစ်သော အလုပ်သမားများ၊ တောင်သူလယ်သမားများအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားကာ နိုင်ငံတော်ပြန်လည်ထူထောင်ရေးမှာ စိတ်ကူးမျှသာ ဖြစ်ခဲ့ရပါသည်။

ကြိုးပမ်းအကောင်အထည်ဖော်

ယနေ့ကမ္ဘာတွင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သောဦးဆောင်မှုဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါသည်။

ထင်ထင်ရှားရှားတွေ့မြင်နေရ

ထိုသို့ နိုင်ငံတော်ကို တစ်မျိုးသားလုံး၏စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒများ မှန်ကန်မှု၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တက်ညီလက်ညီ လက်တွဲဆောင်ရွက်မှု၊ အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများ၏ မိမိတို့သက်ဆိုင်ရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားထုတ်ကြိုးပမ်းမှုတို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီ ဖြစ်ပါသည်။

နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းများထုတ်လုပ်နိုင်

နိုင်ငံတော်တစ်ဝန်းလုံးတွင် ခေတ်မီစက်ရုံ အလုပ်ရုံများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို နိုင်ငံတော်ပိုင်းအနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် တိုင်းရင်းသားပုဂ္ဂလိကပိုင်းအနေဖြင့်လည်းကောင်း တိုးချဲ့ထူထောင်လုပ်ကိုင်လျက်ရှိသည့်အလျောက်၊ အလုပ်သမားကြီးများကိုယ်တိုင် ခေတ်မီကုန်ထုတ်စက်ကိရိယာများ၊ အီလက်ထရွန်းနစ် ပစ္စည်းကိရိယာများကို ကိုင်တွယ်သုံးစွဲကြလျက် နိုင်ငံတကာအဆင့်မီကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍လည်း ခေတ်မီ စက်ရုံအလုပ်ရုံများ တည်ထောင်ထုတ်လုပ်ခွင့်ပြုလျက်ရှိရာ အလုပ်သမားကြီးများအတွက် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာနှင့် အခွင့်အရေးများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ထိုက်တန်စွာရရှိနိုင်ကြပြီ ဖြစ်ပါသည်။

အကျိုးရလဒ်ကောင်းများ အလုပ်သမားကြီးများခံစားနိုင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှု၊ ဝင်ငွေတိုးပွားလာမှု၊ အလုပ်ခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်သာယာရေးအပါအဝင် အလုပ်သမားများ၏ ခံစားခွင့်များရရှိလာမှု၊ လူနေမှုအဆင့်အတန်းမြင့်မားလာမှု စသည့် အကျိုးရလဒ်ကောင်းများကို အလုပ်သမားကြီးများ ခံစားနိုင်ကြပြီ ဖြစ်ပါသည်။

အလုပ်သမားအရေးခြုံ

ထိုသို့ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးမှုဆပွားတိုးတက်ရေးအတွက် အလုပ်သမားကြီးများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က ယင်းတို့၏တပည့်တပန်း လက်ကိုင်တုတ်များကို အလုပ်သမား အရေးခြုံစေ၍ အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် မြန်မာနိုင်ငံတော်နှင့် မြန်မာအလုပ်သမားကြီးများ အကျိုးပျက်ပြားအောင် နည်းမျိုးစုံဖြင့် လှုပ်ရှားလုပ်ကိုင်လျက်ရှိပါသည်။ ယင်းတို့၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် မွန်မြတ်သန့်စင်သည့် မြန်မာအလုပ်သမားကြီးများ၏ ဂုဏ်ဒြပ်ကို ညှိုးနွမ်းသေးသိမ်စေသည့်အပြင် အလုပ်သမားကြီးများ အလုပ်အကိုင် လက်လွှတ်ဆုံးရှုံးရမှု၊ စီးပွားရေး၊ လူမှုရေးထိခိုက်နစ်နာရမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

မမှန်မကန်စွပ်စွဲ

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ အလုပ်သမားအကျိုးလိုလားဟန်ဖြင့် မြန်မာနိုင်ငံအပေါ် မမှန်မကန်စွပ်စွဲပြီး စည်းလုံးညီညွတ်မှု ပြိုကွဲအောင် တမင်ဖန်တီးနေမှုများ၊ အလုပ်သမားများ၏အကျိုးစီးပွား ထိခိုက်နစ်နာ ဆုံးရှုံးစေမှုများကို အလုပ်သမားထုကြီး တစ်ရပ်လုံးက ရှင်းလင်းစွာသိမြင်ပြီး အမျိုးသားရေးအမြင်ဖြင့် သတိပြုကာကွယ်ကြရမည် ဖြစ်ပါသည်။

လေးစားအပ်သောအလုပ်သမားကြီးများခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပလျက်ရှိရာ အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အခြေခံမူများရရှိရန် အမျိုးသားညီလာခံတွင် တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။

ယနေ့အချိန်အခါကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသည့် ကာလတွင်–

- **နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်သည်ထက် တိုးတက်လာပြီး အမျိုးသားစီးပွားရေးဘဝ မြင့်မားလာရေးအတွက်လည်းကောင်း၊**
- **ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီများနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ သွေးခွဲသပ်လျှိ နှောင့်ယှက်မှုများကို တွန်းလှန်ကာကွယ်ရေးအတွက်လည်းကောင်း၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန် ချမှတ်အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း၊**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းမြှင့်တင်ရေးအတွက် လည်းကောင်း**

အလုပ်သမားကြီးများအားလုံးက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ညီညီညွတ်ညွတ်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။ ။

တရုတ်-အာဆီယံ စီးပွားရေးဆောင်ရွက်မှု ပိုမိုပူးပေါင်းရန် သမ္မတဟူကျင်တောင် တိုက်တွန်း

ဂျကာတာ ဧပြီ ၂၈

တရုတ်နှင့်အာဆီယံနိုင်ငံများ စီးပွားရေးကို ပိုမိုနီးကပ်စွာပူးပေါင်း ဆောင်ရွက်ကြပြီး ၂၀၁၀ ပြည့်နှစ် မတိုင်မီ တရုတ်-အာဆီယံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ ထိရရှိအောင် သတ်မှတ်ရန် အင်ဒိုနီးရှားနိုင်ငံ၌ အလည်အပတ်ရောက်ရှိခဲ့သော တရုတ်သမ္မတဟူကျင်တောင်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ရှိစဉ် ဂုဏ်ပြုညစ်ခံပွဲတစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် တရုတ်သမ္မတက ထိုသို့ တိုက်တွန်း ပြောကြားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ လျင်မြန်စွာတိုးတက်လာသော စီးပွားရေးသည် ကမ္ဘာ့နိုင်ငံများအားလုံး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများအတွက် အခွင့်အလမ်းသစ်များပေးထားကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

မကြာမီနှစ်များအတွင်း၌ တရုတ်နှင့်အာဆီယံ ကုန်သွယ်မှုသည် တိုးတက်မှု ၃၀ ရာခိုင်နှုန်းနီးပါးရှိမြဲရှိခဲ့ပြီး ၂၀၀၄ ခုနှစ်အတွင်း၌ အာဆီယံနှင့်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၉ ဘီလီယံထိရှိခဲ့ရာ ဒေါ်လာ ၂၀ ဘီလီယံပိုခဲ့သည်။

ပိုမိုစိတ်ဝင်စား

အပန်းဖြေလည်ပတ်ပြီး ရှုခင်းများကြည့်ရှုရန်သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် နှစ်စဉ် အာဆီယံနိုင်ငံများသို့ တရုတ်လူမျိုး သန်းပေါင်းများစွာ ခရီးသွားရောက်ခဲ့ကြကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေအနေကောင်းများရှိသည့်အလျောက် အာဆီယံနိုင်ငံများ၌ စီးပွားရေးလုပ်ရန် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလာကြကြောင်း ၎င်းကပြောကြားသည်။

စွမ်းအင်ကဏ္ဍတစ်ခုတည်း၌ပင် အင်ဒိုနီးရှား၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရှိခဲ့ကြောင်း၊ ယခုနှစ်၌ တရုတ်-အာဆီယံကုန်သွယ်ရေး လွတ်လပ်သည့်ဒေသကို တရားဝင်ထူထောင်ထားရှိရာ မိမိတို့၏စီးပွားရေး နှင့်စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအလားအလာများ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံပေကျင်းမြို့အဝတ်အထည်များရောင်းချသည့် ဆိုင်တစ်ဆိုင်တွင် ဈေးဝယ်နေသူများကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏ ယခုနှစ်မတ်လ၌ ၈ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့

စင်ကာပူ ဧပြီ ၂၈

စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှု ပမာဏသည် လွန်ခဲ့သည့်နှစ်ကထက် နှိုင်းစာလျှင် ယခုနှစ်မတ်လက ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (အီးဒီဘီ)က အင်္ဂါနေ့၌ ကိန်းဂဏန်းများထုတ်ပြန်ဖော်ပြသည်။

ကုန်ထုတ်လုပ်မှုအများစုမှာ ဖေဖော်ဝါရီလက နည်းပါးခဲ့ရာမှ လွန်ခဲ့သည့်လက မှတ်ပုံတင်မှုမှာ အနည်းငယ်တိုးတက်ခဲ့သော်လည်း အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းစုမှာ မတ်လက ဆက်လက်ကျဆင်းခဲ့သည်။

လွန်ခဲ့သည့်လက ၂ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းခဲ့သော အီလက်ထရွန်းနစ်လုပ်ငန်းစု၏ လျော့နည်းမှုပမာဏမှာ မတ်လက ၁၉ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ကြီးထွားခဲ့ပြီး သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာလုပ်ငန်းစုမှာ မတ်လက ၁၀ ဒသမ ၄ ရာခိုင်နှုန်း အထိတိုးချဲ့လာနိုင်ခဲ့သည်။

ကြီးထွားလာ

ဓာတုဗေဒဆိုင်ရာလုပ်ငန်းစုနှင့် အထွေထွေကုန်ထုတ်လုပ်ငန်းပမာဏသည် ယခုနှစ်တတိယသုံးလတွင် ၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၃ ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ပြီး ဇီဝဆေးဘက်ဆိုင်ရာကုန်ထုတ်လုပ်မှုပမာဏသည် ကျဆင်းမှုဘက်သို့ဦးတည်ခဲ့ပြီးနောက် အလားတူလတွင် ၁ ဒသမ ၁ ရာခိုင်နှုန်းကြီးထွားလာခဲ့သည်။

မြင့်တက်

စုစုပေါင်း ကုန်ထုတ်လုပ်မှုသည် ယခုနှစ်ပထမသုံးလပတ်တွင် ယခင်နှစ် ယင်းကာလထက် ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်၌ ပြည်ပဧည့်သည် လာရောက်မှုတိုးတက်

ဒါကာ ဧပြီ ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၀၄ ခုနှစ်က နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်မှုသည် စုစုပေါင်း ၂၇၁၀၀၀ ရှိခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၆၆သန်းရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ခရီးသွားလုပ်ငန်းက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ယင်းကဲ့သို့ ၂၀၀၄ခုနှစ်က နိုင်ငံခြားခရီးသွားဧည့်သည် ရောက်ရှိမှုသည် ပြီးခဲ့သည့် ၂၀၀၃ခုနှစ်က လာရောက်သည့် ခရီးသွားဧည့်သည် ဦးရေထက် ၁၀ရာခိုင်နှုန်းကျော် တိုးတက်လာရောက်ခဲ့ကြောင်းအဆိုပါ ဘင်္ဂလားဒေ့ရှ် ခရီးသွားလုပ်ငန်းက ပြောကြားသည်။

စုစုပေါင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၀၃ ခုနှစ်က နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်မှုမှာ စုစုပေါင်း ၂၄၄၅၀၀ ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၀၂ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို လျှော့ချပေးခဲ့သဖြင့် ခရီးသွားဧည့်သည်လာရောက်မှု တိုးတက်ခဲ့ကြောင်း အဆိုပါ ဘင်္ဂလားဒေ့ရှ် ခရီးသွားလုပ်ငန်းက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ မြောက်ဘက်ရှိ ဟာဝီဂျာမြို့တွင် အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားအီလက်ထရွန်းနစ်ထုတ်ကုန် ရောင်းချရမှုတိုးတက်

ဂျကာတာ ဧပြီ ၂၈

အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၀၅ ခုနှစ် ပထမသုံးလအတွင်း အီလက်ထရွန်းနစ်ထုတ်ကုန်ပစ္စည်းရောင်းချရမှုသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ရာ၌ ၁၆ ရာခိုင်နှုန်းနှင့် ၄၀ ဒသမ ၈ ရာခိုင်နှုန်းအကြား တိုးတက်ခဲ့ကြောင်း ဘစ်နစ်အင်ဒိုနီးရှားက ဗုဒ္ဓဟူးနေ့၌ ဖော်ပြသည်။

အီလက်ထရွန်းနစ်ဈေးကွက် ပြုစုရေးကလပ်၏ သတင်းအချက်အလက်ပေါ်အခြေခံ၍ ၂၀၀၅ ခုနှစ် ပထမသုံးလတွင် ရေခဲသေတ္တာလုံးရေ ၄၁၈၀၄၄ လုံးရောင်းချခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ၁၆ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း၊ လေအေးပေးစက်ရောင်းချရမှုမှာ ၁၈၅၂၂၄ လုံး ရောင်းချခဲ့ရပြီး ၂၀၀၄ ခုနှစ်ကထက် ၄၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဝတ်လျှော်စက် ရောင်းချရမှုမှာ လုံးရေ ၁၈၃၅၉၆ လုံးဖြစ်ပြီး ၂၀၀၄ ခုနှစ် အလားတူ ကာလကထက် ၂၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆာမာရာမြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်း လက်နက်ကိုင်ပြောက်ကျားများ အမြောက်ဖြင့်ပစ်ခတ်

ဆာမာရာ ဧပြီ ၂၈

အီရတ်နိုင်ငံ ဆာမာရာမြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုအား လက်နက်ကိုင်ပြောက်ကျားများက အင်္ဂါနေ့နံနက်က အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲအဖွဲ့ကပြောကြားသည်။

ဆာမာရာရှိ ပညာရေးဦးစီးဌာနတွင်ရှိသော အမေရိကန်စစ်အခြေစိုက်စခန်းကို မော်တာဖြင့်တိုက်ခိုက်ချိန်မှာ နံနက် ၇း၃၀နာရီဖြစ်ကြောင်း ဒေသခံရဲအဖွဲ့၏ သတင်းများအရ ဆင်ဟွာက ဖော်ပြသည်။

ပစ်ခတ်

မီးခိုးလုံးများတက်နေသည်ကို မြင်တွေ့ရသည့် အဆိုပါအခြေစိုက်စခန်း၌ ပေါက်ကွဲခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်ပြောက်ကျားများ အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းသို့ဖြစ်ပြီးနောက် မကြာမီအမေရိကန်တပ်ဖွဲ့များသည် အမေရိကန်အခြေစိုက်စခန်း တည်ရှိသည့် ဆာမာရာအလယ်ပိုင်းရှိ ဟာဒီအရပ်ကို ဝိုင်းထားခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အိမ်များကိုရှာဖွေကာ အချို့ကို ထိန်းသိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ခုခံရေးနယ်မြေ

ဘဂ္ဂဒက်၏မြောက်ဘက် ကီလိုမီတာ ၁၂၀ခန့်ရှိ ဆာမာရာမြို့သည် ယင်းမြို့ရှိ အမေရိကန်စစ်ဘက်ကဲ့သို့ အမေရိကန်နှင့် အီရတ်အစိုးရဆိုင်ရာ တပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည့် လက်နက်ကိုင် ပြောက်ကျားများအတွက် အချိန်ကြာမြင့်စွာကပင် ခုခံရေးနယ်မြေတစ်ခု ဖြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ရဲတပ်ဖွဲ့ အရာရှိကြီးတစ်ဦး တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဧပြီ ၂၈

အီရတ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က သေနတ်သမားများပစ်ခတ်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ အဆင့်မြင့်အရာရှိတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ယင်း၏ အစောင့်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့ အရာရှိကြီးတစ်ဦးဖြစ်သူ ဂျီဟတ်လူအီဘိုင်သည် အီရတ် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့ပြကာကွယ်ရေးဌာနမှ အကြီးအကဲတစ်ဦးဖြစ်ပြီး ဆလမ်အရပ်ဒေသအနီးဝန်းကျင်တွင် လုပ်ငန်းများဆောင်ရွက်ရန် မော်တော်ယာဉ်တန်းဖြင့် သွားစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဒဏ်ရာရ

ယင်းကဲ့သို့ တိုက်ခိုက်ခံရမှုကြောင့် အီရတ်ရဲတပ်ဖွဲ့အရာရှိ လူအီဘိုင် ဒဏ်ရာရရှိသည့်အပြင် အခြားအစောင့် အီရတ်တပ်ဖွဲ့ဝင်များလည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေး အုပ်စုတစ်ခုက ပြောကြားရာတွင် ယင်း၏ယာဉ်တန်းကို တိုက်ခိုက်ရခြင်းမှာ ရဲတပ်ဖွဲ့အရာရှိ လူအီဘိုင်နှင့် အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးဖြစ်သူ ၎င်း၏သားတို့ကို သတ်ဖြတ်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နှင့်အိန္ဒိယ စီးပွားရေးပေါင်းစည်းမှု အာရှတိုက်၏ တိုးတက်ပြောင်းလဲမှုကြီးဖြစ်

စင်ကာပူ ဧပြီ ၂၉

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ စီးပွားရေးပေါင်းစည်းမှုသည် အာရှတိုက်၏ တိုးတက်ပြောင်းလဲမှုကြီးဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ်လီရှန်လုံးက ကြာသပတေးနေ့၌ ပြောကြားသည်။

ပထမဆုံးနှင့် တိုးတက်ပြောင်းလဲမှုအဖြစ်ဆုံးသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ပေါ်ထွန်းလာမှုဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အာရှဆွေးနွေးပွဲကြိုဆိုညှော်ခံပွဲ၌ ဝန်ကြီးချုပ်လီက ပြောကြားသည်။

အောင်မြင်

အာရှတိုက်တွင် စီးပွားရေးသွင်ပြင်အနေအထား ပြောင်းလဲနေကြောင်း၊ အတိတ်က မိမိတို့၏ စီးပွားရေးသည် အမေရိကန် ပြည်ထောင်စု၊ ဥရောပ သို့မဟုတ် ဂျပန်တို့မှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းဖြင့် ကြီးပွား ဖြစ်ထွန်းအောင်မြင်မည်ဖြစ်ကြောင်း၊ နောက်ပိုင်း၌ ယင်းဈေးကွက်များသို့ စက်မှုထုတ်ကုန်ပစ္စည်းများနှင့် ပို့ကုန်ပစ္စည်းများ ပြန်ရောက်ခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ပြောကြား

သို့ရာတွင် ယခုအခါ စီးပွားရေးအနေအထားပုံစံမှာ ပြောင်းလဲလျက်ရှိကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုများ၏ အဓိကအရင်းအမြစ်ဖြစ်နေဆဲရှိသော်လည်း တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုကိုကျော်ကာ အာရှနိုင်ငံအများအပြားအတွက် အဓိကပို့ကုန်ဈေးကွက်ဖြစ်လာကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

စင်ကာပူနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်လိုအားရရှိနေကြောင်း၊ ညှိနှိုင်းဆွေးနွေးမှု၊ ဈေးကွက်ရှာဖွေမှု၊ ငွေကြေးနှင့် ထောက်ပံ့ရေးဝန်ဆောင်မှုများကို တရုတ်နှင့် အိန္ဒိယကုမ္ပဏီများသို့ ပေးလျက်ရှိကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်း၊ ဆေးဝါးကုသရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် ပညာရေးကိုလည်း ကမ်းလှမ်းထားကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ တောင်ဘက် ယိုကိုဟားမားမြို့ရှိ ဟာကီဂျီးမား ပင်လယ်ရေသတ္တဝါပြတိုက်၌ ရှားပါး ဝေလငါးဖြူကြီးတစ်ကောင်ကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှားစီးပွားရေး ငါးရာခိုင်နှုန်းကျော်တိုးတက်မည်

ဂျကာတာ ဧပြီ ၂၉

အင်ဒိုနီးရှားနိုင်ငံသည် လျှော်ဒဏ်နှင့် ဆူနာမီဘေးဒုက္ခ ဒဏ်များကို ခံစားတွေ့ကြုံခဲ့ရသော်လည်း ယခု ၂၀၀၅ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၅ဒသမ၅ရာခိုင်နှုန်းနှင့် ၂၀၀၆ ခုနှစ်တွင် ၆ရာခိုင်နှုန်းထိ တိုးမြင့်ရရှိလိမ့်မည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားကြောင်း ယင်းဘဏ်မှ ထုတ်ပြန်သည့် အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

ဖော်ပြ

အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီဘေးဒဏ်ကြောင့် စုစုပေါင်းပျက်စီးမှုငွေကြေးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ရှိကြောင်း၊ ထိုသို့ ဆူနာမီဒဏ် ခံရမှုကြောင့် ယခုနှစ်တွင် စီးပွားရေးတိုးတက်မှု၏ ၀ ဒသမ ၁ ရာခိုင်နှုန်းမှ ၀ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းခဲ့ရကြောင်း အင်ဒိုနီးရှား စီးပွားရေးသတင်းက ကြာသပတေးနေ့တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားစီးပွားရေး ညှိနှိုင်းဆောင်ရွက်မှုဝန်ကြီး အဘူရီဇယ်ဘာကရီ ပြောကြားရာတွင် စီးပွားရေးတစ်ရာခိုင်နှုန်း တိုးတက်မှုတွင် အလုပ်သမားနှစ်သိန်းမှ သုံးသိန်း အကျိုးခံစားရကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ထိုကဲ့သို့ စီးပွားရေးတိုးတက်သည့် ကိန်းဂဏန်းများဖြင့် ပြီးခဲ့သည့် ၁၉၉၇ခုနှစ် စီးပွားရေးအကျပ်အတည်းမတိုင်မီ ကာလများကထက် အလုပ်သမားများကို အကျိုးခံစားခွင့် ပိုမိုရရှိစေခဲ့ကြောင်း အဆိုပါစီးပွားရေး ညှိနှိုင်းဆောင်ရွက်မှုဝန်ကြီး ဘာကရီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်–အာဆီယံ နှစ်နိုင်ငံကုန်သွယ်မှု ငါးနှစ်အတွင်း နှစ်ဆတိုးလာမည်ဟုဆို

မနီလာ ဧပြီ ၂၉

တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စုစုပေါင်းကုန်သွယ်မှုပမာဏသည် လက်ရှိစာရင်းဇယားများ အခြေအနေအရ လာမည့်ငါးနှစ်အတွင်း နှစ်ဆတိုးလာမည်ဟု ယုံကြည်ကြောင်း မနီလာသို့ အလည်အပတ်ရောက်ရှိခဲ့သော တရုတ်သမ္မတ ဟူကျင်တောင်က ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

ခန့်မှန်း

၂၀၁၀ပြည့်နှစ်မတိုင်မီ တရုတ်နှင့် အာဆီယံကုန်သွယ်မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၅ ဘီလီယံဖိုးရှိရာမှ အမေရိကန်ဒေါ်လာ ၂၀၀ဘီလီယံဖိုး ရှိလာမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ပါလီမန်နှင့် ပူးတွဲ အစည်းအဝေးတစ်ရပ်၌ ဟူက ခန့်မှန်း ပြောကြားသည်။

မျှော်လင့်

တရုတ်–အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ (စီအေအက်ဖ်တီအေ) ဖွံ့ဖြိုးတိုးတက်မှုမှာ မှန်မှန် တိုးတက်လျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများနှင့် စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် တရုတ်နိုင်ငံက မျှော်လင့်ကြောင်း ဟူကပြောကြားသည်။

ဆုံးဖြတ်

တရုတ်နှင့် အာဆီယံသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာ ပေါင်းဖော်ဖက်တစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန် ဆုံးဖြတ်ချက် ချထားပြီးဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့်အတူ စီးပွားဖက်အဖြစ် သက်ဆိုင်ရာ လုပ်ငန်းဆောင်တာများ အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဟူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုက်ခိုက်ရေးသမားများ ပစ်ခတ် အီရတ်အမျိုးသားလွှတ်တော်အဖွဲ့ဝင် အမျိုးသမီးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၉

အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများပစ်ခတ်မှုကြောင့် ဥပဒေရေးဆွဲသူ အီရတ်အမျိုးသမီး လာမီရာအဘတ်ခါဒူရီသည် ဘဂ္ဂဒက်ရှိ ယင်း၏ နေအိမ်အပြင်ဘက်တွင် ဗုဒ္ဓဟူးနေ့၌ သေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

နေထိုင်

ခါဒူရီသည် အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇန်နဝါရီလ ၃၀ ရက်က ကျင်းပသည့် ရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်အဖွဲ့ဝင် ၂၇၅ ဦးတွင် တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် နေထိုင်သူ တစ်ဦးဖြစ်သည်။

သူမသည် အီရတ်၌ ရွေးကောက်ပွဲ ပြုလုပ်ခဲ့ပြီးချိန်မှစတင်ကာ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် ပထမဆုံး လွှတ်တော်အဖွဲ့ဝင် တစ်ဦးဖြစ်သည်။

တိုးမြှင့်

အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးပေါက်ကွဲမှုများဖြစ်နေသကဲ့သို့ အီရတ်လက်နက်ကိုင်များကလည်း အီရတ်အရာရှိများကို တိုးမြှင့်တိုက်ခိုက်လာလျက်ရှိသည်။

အလာဝီမှာ ပြီးခဲ့သည့် သီတင်းပတ်က ယင်း၏ မော်တော်ယာဉ်တန်းအနီး ကားဗုံးခွဲတိုက်ခိုက်ခံရမှုမှ လွတ်မြောက်ခဲ့ရသော်လည်း ယင်းဗုံးခွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

မျိုးသုဉ်းမည့်အပင်များ စောင့်ရှောက်ရေး နီပေါနိုင်ငံ၌ စတင်စည်းရုံးလှုံ့ဆော်

ခတ္တမန္ဒူ ဧပြီ ၂၈

နီပေါ အပင်အရင်းအမြစ်ဌာနသည် နီပေါနိုင်ငံတွင် တွေ့ရှိထားသည့် မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်ရှိသော အပင်မျိုးစိတ် ၂၆ မျိုးကို ထိန်းသိမ်းစောင့်ရှောက်ရေး စတင်စည်းရုံးလှုံ့ဆော်ရန် ပြင်ဆင်လျက်ရှိသည်။

လိုအပ်

သစ်တောနှင့် မြေဆီလွှာထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ အဆိုပါဌာနသည် အောက်ခြေ အဆင့်တွင် မျိုးသုဉ်းမည့် အန္တရာယ်ရှိသော မျိုးစိတ်များအား ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ လူများအား သတိပြုစေမည်ဖြစ်ကြောင်း သိပ္ပံပညာရှင် လိုကင်ဒရာရာရှာမာက သတင်းထောက်များအား အင်္ဂါနေ့တွင် ပြောကြားသည်။

မည်သည့် အပင်မျိုးစိတ်များသည်မျိုးသုဉ်းမည့်အန္တရာယ်ရှိကြောင်း၊ လူအများမသိကြကြောင်း၊ ဌာနသည် အဆိုပါ မျိုးစိတ်များ၏ ဒေသအမည်များ ပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေကာ စတင်၍ အသိပေးမည်ဖြစ်ကြောင်း ရှာမာကပြောကြားသည်။

စာရင်းပြုစု

မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် ဒေသရင်းတိရစ္ဆာန်နှင့် ဒေသရင်းအပင်များဆိုင်ရာ နိုင်ငံတကာကုန်သွယ်ရေး ညီလာခံသည် ကမ္ဘာတစ်ဝန်း၌ မျိုးတုံးပျောက်ကွယ်မည့် အခြေအနေနှင့် ရင်ဆိုင်နေရသော အပင်မျိုးစိတ်များ၏ စာရင်းကို ပြုစုလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ပျက်စီး

ဘဂ္ဂဒက်မြို့ အင်တာမီယာ အရပ်၌ ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီး ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဧပြီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂျပန်နိုင်ငံသို့ အင်ဒိုနီးရှား သစ်တင်ပို့မှု အထပ်သားထုတ်ကုန်များက လွှမ်းမိုးထားဆဲ

ဂျကာတာ ဧပြီ ၂၉

ဂျပန်နိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံက တင်ပို့ခဲ့သော သစ်ပို့ကုန်များတွင် အထပ်သား ထုတ်ကုန်ပစ္စည်းများက လွှမ်းမိုးနေရာယူထားဆဲဖြစ်ကြောင်း သစ်တောဝန်ကြီးဌာနက ထုတ်ပြန်သည့် ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။

တင်သွင်း

အင်ဒိုနီးရှားနိုင်ငံသည် ယမန်နှစ်၌ ဂျပန်နိုင်ငံသို့ အထပ်သားကုဗမီတာ ၂ဒသမ ၄၂ သန်း တင်ပို့ရောင်းချခဲ့ရာ ဂျပန်နိုင်ငံက စုစုပေါင်း တင်သွင်းမှု၏ ၄၉ရာခိုင်နှုန်း ဖြစ်သည်။

ဖော်ပြ

မလေးရှားနိုင်ငံက ကုဗမီတာ ၁ ဒသမ ၉၉သန်းတင်ပို့ကာ ဒုတိယလိုက်ပြီး တရုတ်က ၃၃၄၀၂၁ ကုဗ မီတာတင်ပို့ကာ တတိယလိုက်ကြောင်း အချက်အလက်က ဖော်ပြသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် လွှတိုက်သစ် ၂၁၆၄၉၉ ကုဗမီတာ သာ ယမန်နှစ်က တင်ပို့ရောင်းချခဲ့ရာ ဂျပန်နိုင်ငံကတင်သွင်းခဲ့သော ကုဗမီတာ ၉ ဒသမ ၄၈သန်း၏ ၂ ရာခိုင်နှုန်းဖြစ်သည်။

တင်ပို့

အလားတူကာလအတွင်း အင်ဒိုနီးရှားနိုင်ငံသည် သစ်ပါးလွှာ ၃၁၁၃၇၁ ကုဗမီတာ တင်ပို့ရောင်းချခဲ့ရာ ဂျပန်နိုင်ငံ၏ စုစုပေါင်း တင်သွင်းမှု၏ ၃ ရာခိုင်နှုန်း ဖြစ်သည်။ **(အင်တာနက်)**

1-5 (05) 1 3/24/05, 9:03 PM

အရည်အသွေးနှင့် စွမ်းရည်ထက်မြက်နေရန် အမြဲကြိုးစား မှုခင်းများ ပိုမိုကျဆင်းရေး ဝိုင်းဝန်းစီမံဆောင်ရွက်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဝိုင်းဝန်းဆောင်ရွက်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဥပဒေကိုကိုယ်စားပြုပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များကို ဆောင်ရွက်နေသည့် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအုပ်ချုပ်ရေး ယန္တရားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ခိုင်မာသည့်အခြေခံအုတ်မြစ်အဖြစ် ဆက်လက်ရပ်တည် တာဝန်ယူရမည်ဖြစ်သည့်အတွက် အရည်အသွေးနှင့် စွမ်းရည်ထက်မြက်နေအောင် အစဉ်အမြဲကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မှုခင်းများအပေါ် အားသာချက်၊ အားနည်းချက်များ ပြန်လည်ဆန်းစစ်ပြီး မှုခင်းများ ပိုမိုကျဆင်းအောင် စီမံဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြည်နယ်၊ တိုင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကျင့်သုံးပြီး နိုင်ငံတော်အကြီးအကဲလိုလားသည့် မျိုးချစ်စိတ်ရှိသော၊ စွမ်းရည်ပြည့်ဝသော၊ ခေတ်မီသော ရဲတပ်ဖွဲ့ဝင်များဖြစ်လာအောင် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုများပီပီ တက်ညီလက်ညီ ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ဆုဖလားပေးအပ်

ထို့နောက်ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်နယ်/တိုင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှရရှိခဲ့သည့် စွမ်းရည်လေးရပ် ပထမဆုဖလားကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြည်နယ်/ တိုင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲချုပ်တို့၏မှာကြားချက်များနှင့် ၂၀၀၅ခုနှစ်တွင်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ရည်မှန်းချက်တာဝန်များကို ရှင်းလင်းမှာကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဌာနခွဲမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက လုပ်ငန်းဆိုင်ရာကိစ္စများကိုလည်းကောင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်က မှုခင်းကျဆင်းရေးနှင့် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မှာကြား

ထို့နောက်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရထားပို့ဆောင်ရေးလုပ်ငန်းများစစ်ဆေး ထုတ်လုပ်မှုအရေအတွက် တိုးတက်ထုတ်လုပ်ရေးအလေးထားဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ဧပြီ၂၅ရက် နံနက်၉နာရီခွဲက မန္တလေး၌ မြန်မာ့မီးရထားအထွေထွေမန်နေဂျာများဖြစ်ကြသော မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(စက်ရုံမှူး)၊ ရွာထောင်စက်ခေါင်းစက်ရုံ(စက်ရုံမှူး)၊ တိုင်း(၃) မန္တလေးမှတိုင်းအရာရှိများ၊ ကုန်းလမ်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ တိုင်းဦးစီးမှူး တာဝန်ခံအရာရှိများအားတွေ့ဆုံ၍ လုပ်ငန်းတိုးတက်မှု အခြေအနေများကို မေးမြန်းဆွေးနွေးသည်။ ထို့နောက် ဒုတိယဝန်ကြီးက ယနေ့အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံပိုလျှံရေးဆောင်ရွက်နေသည့် စီမံကိန်းများ၊ စက်မှုကဏ္ဍမြင့်မားလာစေရေးအတွက် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်ဖူလုံပိုလျှံရေးအတွက် စီမံကိန်း၊ ကျွမ်းကျင်ပညာရှင်များမွေးမြူရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး မိမိတို့ဝန်ထမ်းများ အပိုင်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များကို ချပြဆွေးနွေးမှာကြားသည်။

အလေးထားဆောင်ရွက်

ဒုတိယဝန်ကြီးသည် ဧပြီ၂၇ရက်တွင် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးထွန်းဦး၊ စက်ရုံမှ အရာရှိများနှင့်အတူ တိုးချဲ့ပြေးဆွဲမည့် လော်ကယ်ရထားများအတွက် တွဲသစ်တည်ဆောက်ခြင်းများကိုကြည့်ရှုကာ တည်ဆောက်မှုအရည်အသွေးများနှင့် အသုံးပြုသော တွဲပစ္စည်း အရည်အသွေးအစဉ် တိုးတက်စေရေးအတွက် လည်းကောင်း၊ လက်ရှိ ထုတ်လုပ်မှုအရေအတွက်ကို တိုးတက် ထုတ်လုပ်ရေးအတွက် အလေးထားလေ့လာဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများကိုလည်းကောင်း ဆွေးနွေးညှိနှိုင်း သတ်မှတ်ပေးသည်။

ထို့နောက် စက်ရုံမှ ကြီးကြပ်ရေးဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မိမိတို့အပိုင်းက ကြိုးပမ်းဆောင်ရွက်ပေးရမည့် တာဝန်များကိုလည်းကောင်း၊ အရည်အသွေးတိုးတက်ပြီး တစ်ဖက်မှ အလေအလွင့်များ နည်းပါးရေးအတွက်လည်းကောင်း၊ ထုတ်လုပ်မှုတိုးမြှင့်ရေး၊ စက်မှုဇုန်များနှင့် နီးနီးကပ်ကပ်ညှိနှိုင်းဆက်စပ်၍ စက်မှုဇုန်များတိုးတက်ရေးအတွက် ကူညီသွားရန်ကိစ္စများကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဧပြီ၂၈ရက်တွင် ရွာထောင်စက်ခေါင်းစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်နှင့်အရာရှိများ၊ အလုပ်ရုံစုမှူးများနှင့်အတူ စက်ခေါင်းအကြီးတန်း၊ အလတ်တန်း ပြုပြင်ရန်ကြိုးပမ်းဆောင်ရွက်ချက်များကို လည်းကောင်း၊ အရန်ပစ္စည်းတိုးချဲ့ ထုတ်လုပ်မှု၊ သံလမ်းပြုပြင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယခင်ပြည်ပမှဝယ်ယူသုံးစွဲခဲ့ရပြီး ယခုစက်ရုံတွင် တည်ဆောက်နေသည့် သံလမ်းဂိုဏ်းနှင့် ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် သံလမ်းပြေးယာဉ်ကို အပြီးသတ် တည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဓမ္မပိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု ပါဝင်ယှဉ်ပြိုင်ရန်ပြိုင်ပွဲဝင်စာမူများခေါ်ယူ

ရန်ကုန် ဧပြီ ၃၀

ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသနဝရ(ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော 'ဓမ္မပိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆု'များကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်သည်။

ယင်းပြိုင်ပွဲတွင် သာသနာ့သမိုင်း စာပေဆု(ပ-ဒု-တ)၊ အထွေထွေဓမ္မစာပေဆု (ပ-ဒု-တ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာ စာပေဆု(ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှုစာပေဆု(ပ-ဒု-တ)၊ပိဋကတ်ကျမ်းစာ သုတေသန စာပေဆု(ပထမဆု)၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု(ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆု ရှစ်ဆု အမျိုးအစားခုနစ်မျိုးတို့ကို ဆုရွေးချယ်မည်ဖြစ်သည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန်ပထမဆုများကို ၂၀၀၅ခုနှစ် စာမေးပွဲမှ အထူးအောင် ရဟန်း၊သာမဏေ၊ သီလရှင် ပထမဆုရသူများအားချီးမြှင့်မည်ဖြစ်သည်။ ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၅ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေ စာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်သည်။ ယှဉ်ပြိုင်လိုသူများသည် ဓမ္မပိမာန်သို့ လိပ်မူ၍ စာအုပ်နှစ်အုပ်ပို့ပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ၃၀-၉-၂၀၀၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံများကို ဓမ္မပိမာန် အမှတ် ၆၀၆ ဒုတိယထပ် ၅လမ်းနှင့် ၆လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၅၉၊ ၃၈၅၁၉၃ တို့သို့ အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၀၅(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ပြည်တွင်းသတင်းအကျဉ်း
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	မိုးလေဝသခန့်မှန်းချက်
၇:၂၅	လုပ်ငန်းခွင်မှာ အားမာန်အပြည့် အပန်းဖြေချိန်မှာ ပျော်စရာဝေလေ့
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	Sunday Talk
၈:၂၀	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၈:၅၀	ဝါသနာရှင်စင်မြင့်
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	အပူဒဏ်ကာကွယ်ရေး
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	၂၀၀၅ ခုနှစ် မြန်မာ့ သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲ
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ကျွဲနွားခွာနာလျှာနာရောဂါကာကွယ်ပါ
၁၀:၄၅	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဒေါပုံမြို့နယ်၌ သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၃၀

ဒေါပုံမြို့နယ် ကြည်စု၊ ဆေးစက်ရပ်ကွက် လူငယ်များဦးစီး၍ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က အလင်းရောင်လမ်းမဏ္ဍပ်တွင် ကျင်းပရာ ကြည်စု၊ ဆေးစက်ရပ်ကွက်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ကန်တော့ခံအဘိုးအဘွားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။ အဘိုးအဘွားများကို မကန်တော့မီ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်နိုင်က သက်ကြီးပူဇော်ပွဲ၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ အဘိုးအဘွား၈၆ဦးတို့အား ရပ်ကွက်လူငယ်များက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၃၀

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ သို့မဟုတ် အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ရရှိထားသူများအတွက် Understanding Networking Fundamentals ခြောက်ပတ် အချိန်ပိုင်းသင်တန်းကို ၉-၅-၂၀၀၅ ရက်မှစ၍ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင်လည်းကောင်း၊ ကိုးပတ် အချိန်ပိုင်းသင်တန်းကို ၁၄-၅-၂၀၀၅ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့များတွင် လည်းကောင်း ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

Understanding Networking Fundamentals လက်မှတ်သင်တန်းသို့လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ်၊ စာစစ်ဌာန၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သော စုစုပေါင်းရမှတ်၊ တက္ကသိုလ်စာမေးပွဲအောင် လက်မှတ်မိတ္တူ သို့မဟုတ် အခြေခံပညာအထက်တန်းအဆင့်သင်ယူပြီးမြောက်ကြောင်း သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးထံမှ ထောက်ခံချက်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည်။

တိုက်ရိုက်လျှောက်ထား

အဆိုပါသင်တန်းများသို့ လျှောက်ထားလိုသူများသည် ၂-၅-၂၀၀၅ရက်မှ ၆-၅-၂၀၀၅ရက်အထိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

ဝင်ခွင့်ရရှိသူများ စာရင်းကို ၇-၅-၂၀၀၅ရက်တွင် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့၌ ကပ်ထားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်းနံပါတ် ၀၁-၂၉၀၀၃၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ရေဘေးကာကွယ်ရေး မြို့ပတ်တာတည်ဆောက်ခြင်း မြေကြီးလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရေဘေးကာကွယ်ရေး မြို့ပတ်တာတည်ဆောက်ခြင်းလုပ်ငန်း၊ မြစ်ကြီးနားမြို့ ပညာရေးကောလိပ် တိုး‌ချဲ့အဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်းနှင့် မြစ်ကြီးနားမြို့ မြစ်ကမ်းထိန်းကျောက်စီတမံတည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း စီမံပေးပြီးနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ ရေဘေးကာကွယ်ရေး မြို့ပတ်တာတည်ဆောက်ခြင်းလုပ်ငန်းခွင်ရှိ ယာယီ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောနပိုလီယံနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာယီရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ညွှန်ကြားရေးမှူး ဦးစောနပိုလီယံက မြစ်ကြီးနားမြို့ ရေဘေးကာကွယ်ရေးအတွက် မြို့ပတ်တာတည်ဆောက်မှုကို ရှင်းလင်းတင်ပြရာတွင် ဧရာဝတီမြစ်၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၀၀ အောက် ကျရောက်သောနေရာများကို အပိုင်းနှစ်ပိုင်းခွဲ၍ ဦးစားပေးအပိုင်းကို စတင်ဆောင်ရွက်နေမှု၊ စတင်ဆောင်ရွက်နေသောအပိုင်းတွင် တမံအူကြောင်းရှင်းလင်းခြင်းလုပ်ငန်း၌ ပေ ၄၀၀၀ ဆောင်ရွက်ရန်ရှိရာတွင် ပေ ၁၂၅၀ ကိုလည်းကောင်း၊ တာတမံမြေဖို့ခြင်းလုပ်ငန်း၌ မြေကျင်းပေါင်း ၉၉၀၀ ဆောင်ရွက်ရန်ရှိရာတွင် ၃၉၇ ပေကိုလည်းကောင်း ဆောင်ရွက်ပြီးစီးနေမှု၊ ရေဆိုးထုတ် တံခါးငယ်များ တည်ဆောက်ခြင်းလုပ်ငန်း၏ ၆၀ ရာခိုင်နှုန်း ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဧရာဝတီမြစ်၏ ရေစီးရေလာ အခြေအနေနှင့် မြစ်ရေကြီးမှုအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်သည့် အခြေအနေများကိုလည်းကောင်း၊ ကမ်းထိန်းနံရံတည်ဆောက်မှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြိုးမြဲခိုင်ခံ့ရေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရေဘေးကာကွယ်ရေးတာ တည်ဆောက်ရာတွင် စိုးရိမ်ရေမှတ်အောက်ရှိသောနေရာများ၊ အထူးသဖြင့် စင်တီမီတာ ၉၅၀ သာရှိသော နေရာများကို အထူးဦးစားပေး၍ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်၊ ထို့အတူ အပိုင်းလိုက်ဦးစားပေးအဆင့် သတ်မှတ်၍ ရေရှည်ဆောင်ရွက်သွားရန်၊ တည်ဆောက်ပြီးဖြစ်သော အပိုင်းများကို ရေရှည်ခိုင်ခံ့အောင် ထိန်းသိမ်းရန်နှင့် ဆက်လက်ဆောင်ရွက်သောအပိုင်းများကို အရည်အသွေးပြည့်မီအောင် တည်ဆောက်ရန်နှင့် တည်ဆောက်မှုလုပ်ငန်းတွင် အလေအလွင့်နည်းပါးရေးနှင့် မြိုးမြဲခိုင်ခံ့ရေးတို့ကိုလည်း အလေးထားကြရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရေဘေးကာကွယ်ရေး မြို့ပတ်တာတည်ဆောက်ခြင်းလုပ်ငန်းနှင့်မြေကြီးလုပ်ငန်းဆောင်ရွက်မှုတို့ကို ယာယီရှင်းလင်းဆောင်ရှေ့မှ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအားမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ ပညာရေးကောလိပ်သို့ရောက်ရှိရာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းလှနှင့်ဌာနမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ပညာရေးကောလိပ် ဉာဏ်စစ်သည်ခန်းမ၌ ပညာရေးကောလိပ် တိုးချဲ့အဆောက်အအုံများ တည်ဆောက်ရေးတာဝန်ခံ ငွေအိမ်စံ ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးညီညီလွင်နှင့် ကျောင်းအုပ်ကြီးဒေါ်သန်းသန်းလှတို့က အလျား ၁၄၄ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၂၅ ပေနှင့် အလျား ၁၇၉ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၂၄ ပေရှိ စာသင်ဆောင်များနှင့် အလျားပေ ၁၂၀၊ အနံ ၈၅ပေ၊ အမြင့် ၂၄ ပေရှိ အားကစားရုံ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သတ်မှတ်ကာလပြီးရေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပညာရေးကောလိပ်တွင် တက်ရောက်သင်ကြားလျက်ရှိကြသည့် သင်တန်းသားများသည် တစ်ချိန်တွင် ဆရာ ဆရာမများဖြစ်လာကြမည်ဖြစ်ရာမိမိတို့တပည့်ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ကိုယ်ကျင့်သိက္ခာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းသော လူချွန်လူကောင်းများဖြစ်လာစေရန်၊ ထက်မြက်၍ ပညာရည်မြင့်မားသော ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးကို သယ်ပိုးလိုစိတ်ရှိသော နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာစေရန် သင်ကြားပို့ချပေးနိုင်သူများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။ ဆက်လက်၍ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူတည်ဆောက်လျက်ရှိသူများအနေဖြင့် အဆောက်အအုံများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြို့မရပ်ကွက် ရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကချင်ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးတင်ချိုက ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ တည်ဆောက်နေသော မြစ်ကြီးနားမြို့ မြစ်ကမ်းထိန်းကျောက်စီတမံ အရှည်ပေ စုစုပေါင်း ၃၇၅၀ ကို အပိုင်းသုံးပိုင်းခွဲ၍ ပထမပိုင်း အရှည်ပေ ၁၁၁၀ ကို ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၀၃-၂၀၀၄ ခုနှစ်အကုန်တွင် အရှည်ပေ ၈၅၀ အထိဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကျန်ရှိသောပေ ၂၆၀ကို ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ဒုတိယပိုင်းနှင့် တတိယပိုင်းလုပ်ငန်းများကိုပါ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်နှင့်မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြနှင့် ကျေးလက်ဒေသတို့၌ လမ်း၊ တံတားလုပ်ငန်းနှင့်ရေပေးဝေရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျခံသုံးစွဲနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဧရာဝတီမြစ် ရေစီးရေလာပြောင်းလဲမှုအခြေအနေ၊ မြစ်ကမ်းထိန်းကျောက်စီတမံဆောင်ရွက်မှုကြောင့် မြစ်ရေထိုးမှုနှင့် မြစ်ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်မည့်အခြေအနေနှင့်ဗလမင်းထင်တံတားကြီးအနီး မြစ်ကမ်းထိန်းသိမ်းနိုင်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပြည်နယ်အနေဖြင့် ကူညီပံ့ပိုးပေးနေမှုနှင့် တင်ပြချက်များအပေါ် ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

အလေအလွင့်မရှိအောင်သုံးစွဲ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကမ်းမှ မြစ်ရေစီးရေလာ အခြေအနေနှင့် မြစ်ကမ်းထိန်း ကျောက်စီတမံ တည်ဆောက်ပြီးစီးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်စီတမံကို ခိုင်ခံ့အောင်တည်ဆောက်ရေး၊ ငွေကြေးနှင့် ပစ္စည်းပစ္စယ အလေအလွင့်မရှိအောင် သုံးစွဲရေး မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရန် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။

လားရှိုးမြို့သို့ထွက်ခွာ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အထူးဒေသ(၂) ခေါင်းဆောင်များဖြစ်ကြသော ဒေါက်တာတူးဂျာ၊ ဦးဇောင်းဟရား၊ ဦးခွန်ထပ်စန်နှင့် ငြိမ်းချမ်းရေးအကျိုးဆောင် ဦးဇဘွဲ့ဂွန်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပို့ဆောင်နှုတ်ဆက်ကြရာတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကချင်ပြည်နယ် အထူးဒေသ(၂)မှ ခေါင်းဆောင်များအား ဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထက်သန်ရေးတို့ကို မှာကြားပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးလေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု တိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာသို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနားမြို့ ပညာရေးကောလိပ် တိုးချဲ့စာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထူးအထွက်ကောင်းစပါး သုတေသနစိုက်ခင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အထူးအထွက်ကောင်းစပါး High Yield သုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် ဒေသအကျိုးရှိအောင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် အကျိုးအမြတ်ရရှိပုံကို ပြည်သူများ သိမြင်ပြီး လုပ်ကိုင်ဆောင်ရွက်လာအောင် လက်တွေ့ပြသ

ရန်ကုန် ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ၂၈ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၌ မြေဧရိယာ ၂ ဒသမ ၇၅ဧက၌ ဆင်းရွှေလီပျားလိမ္မော် ၄၁၅ ပင် စိုက်ပျိုးထားရှိမှု၊ စိုက်ခင်းအတွင်း နေကြာ၊ မုန့်စွန်း၊ ကြက်သွန်၊ မုန်လာဥအနီ၊ ခရမ်းချဉ်၊ ငရုတ်နှင့် လက်ဖက်သီးနှံများကို သီးညှပ်အဖြစ် စိုက်ပျိုးထားရှိမှုနှင့် စိုက်ခင်းအတွင်း ပျားအိမ် ၃၀ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်ရင်း ပျိုးဥယျာဉ်အတွင်း ကော်ဖီနှင့် မက္ကဒေးမီးယားပင်များ ပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကော်ဖီပင် ၅၀၀၀၀၀၊ မက္ကဒေးမီးယားပင် ၁၅၀၀၀ ပျိုးဥယျာဉ်အတွင်း ကော်ဖီနှင့် မက္ကဒေးမီးယားပင်များကို စနစ်တကျ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စခန်းရုံးမိသားစုများ၏ ဧက ၁၀၀ နှစ်ရှည်ပင်နှင့် ရာသီသီးနှံ စိုက်ခင်းသို့ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က စိုက်ခင်း၌ ဆင်းရွှေလီပြောင်း ဧက ၆၀၊ ဆင်းရွှေလီစပါး ခြောက်ဧက၊ နေကြာ နှစ်ဧက၊ ပျားလိမ္မော် ၅၇၉ပင်၊ ပဲပုပ် နှစ်ဧက၊ လိုက်ချီးပင် ၁၀၀၀၊ ပိန္နဲပင် ၁၀၀၊ တညင်းပင် ၁၂၀နှင့် ငါးကန်များ တူးဖော်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စိုက်ခင်းရှိ ယာယီဆောင်၌ ခင်းကျင်းပြသထားသော စိုက်ခင်းမှ စိုက်ပျိုးထွက်ရှိသည့် ဆင်းရွှေလီနေကြာစေ့၊ ဆင်းရွှေလီပဲပုပ်နှင့် ဆင်းရွှေလီပြောင်းဖူးစေ့များနှင့် ပဲပုပ်ဖြင့်ပြုလုပ်သော စားသောက်ဖွယ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်သို့ သွားရောက်ကြ၍ ပျိုးဥယျာဉ်၌ ပျားလိမ္မော်၊ ပိန္နဲ၊ တညင်း၊ လိုက်ချီး၊ သရက်၊ ဒန့်သလွန်ပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပျိုးဥယျာဉ်မှ ပျိုးပင်များကို စခန်းရုံးမိသားစုများအား အခမဲ့ဖြန့်ဝေ၍ သီးနှံစိုက်ပျိုးခြင်းအလေ့အထ ပြုစုပျိုးထောင်ပေးနေမှုနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆင်းရွှေလီနေကြာ နှစ်ဧက၊ ဆင်းရွှေလီပဲပုပ် နှစ်ဧက စံပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က စိုက်ခင်း နှင့်စပ်လျဉ်းသည်များကိုလည်းကောင်း၊ ဆင်းရွှေလီပြောင်းဧက ၆၀ ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိသားစုမီးဖိုဆောင်သုံး ဟင်းသီးဟင်းရွက် စုပေါင်းစိုက်ခင်း၌ ခရမ်းချဉ်၊ ငရုတ်၊ မုန့်စွန်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ မုန်လာဥအနီပင်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ စံပြနှစ်ရှည် မြေပဒေသာပင် လိုက်ချီးပင် ၁၀၀၀၊ ပျားလိမ္မော်အပင် ၅၀၀နှင့် သီးညှပ်နေကြာ ၁၀ဧက မျိုးစေ့ထုတ်စိုက်ခင်းနှင့် စိုက်ခင်းအတွင်း မွေးမြူရေးပျားအိမ် ၂၀ဖြင့် မွေးမြူထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က လိုက်ချီး၊ ပျားလိမ္မော်နှင့် နေကြာတို့ကို စီးပွားဖြစ် စိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထူးအထွက်ကောင်းစပါး High Yield သုတေသနစိုက်ခင်းသို့ ရောက်ရှိကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မျိုးစေ့ထုတ်တာဝန်ခံဒေါ်လှမင်းက ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး သုတေသနပြုလုပ်တွေ့ရှိမှု၊ ကောက်ညှင်းနက် တစ်ဧကလျှင် တင်း ၁၅၀ထွက်ရှိမှု၊ စပါးစိုက်ဧက နှစ်သိန်းအတွက် ဆင်းရွှေလီစပ်မျိုးစပါး အဖိုမြုထိန်း (B)လိုင်းနှင့် F-1 မျိုးစေ့ထုတ်လုပ်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သုတေသနစိုက်ခင်းရှိ ငါးကန်၌ မွေးမြူထားသော တီလားပီးယား၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်းနှင့် တာဗီယံ(ငါးခုံးမကြီး)များ ကြီးထွားရှင်သန်နေမှုကို ကြည့်ရှုကြသည်။

ပွားများဖြစ်ထွန်းနေ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် သုတေသန စိုက်ခင်းအတွင်း အထွက်တိုး၊ အထူးအထွက်တိုးနှင့် အထွက်ကောင်း စပါးများကို မျိုးအလိုက် စိုက်ပျိုးထားရှိမှုနှင့် ရက် ၈၀သားအရွယ် စပါးများတွင် ပင်ပွား ၅၅ပင်အထိ ပွားများဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ခေတ်မီကြက်ဥဖောက်စက်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဗိုလ်မှူးခွန်မြင့်နိုင်က ကြက်ဥ ၂၀၀၀၀ဆံ့နှင့် ၁၅၀၀၀ဆံ့ ခေတ်မီကြက်ဥဖောက်စက်များဖြင့် အသားစားကြက်သားပေါက်များ ဖောက်လုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တောင်သူလယ်သမားများ လူနေမှုဘဝမြင့်မားရေး မိုးစပါးနှင့် နွေစပါး ပိုမိုတိုးချဲ့စိုက်ပျိုး ကျေးရွာတာဝန်ရှိသူများက တိုင်းရင်းသားတောင်သူများအား စည်းရုံးတိုက်တွန်းဆောင်ရွက်

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ခေတ်မီကြက်ဥဖောက်စက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသန်းစိန်နှင့် အဖွဲ့ဝင်များသည် မိဘမျိုးအသားစားကြက်ခြံ၌ HI-Y အမျိုးအစား ကြက်ကောင်ရေ ၄၀၀၀အား Over Weight၊ Standard Weight နှင့် Under Weight ဟူ၍ ခွဲခြားမွေးမြူထားမှုကို လည်းကောင်း၊ Japfa Meat အမျိုးအစား ကြက်ကောင်ရေ ၄၀၀၀မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ပေါက်ဖွားဖြစ်ထွန်းမှု

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် Dly ကပြားမျိုး အသားတိုးဝက်ခြံသို့ သွားရောက်၍ ဝက်ကောင်ရေ ၈၀၀မွေးမြူထားရှိမှု၊ ဝက်သားဖွားနှင့် မီးပေးဆောင်၌ အသားတိုးဝက်သားပေါက်များ ပေါက်ဖွားဖြစ်ထွန်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အထူးအထွက်ကောင်းစပါး High Yield သုတေသနစိုက်ခင်းရှိ ငါးကန်၌ မွေးမြူထားသော တီလားပီးယား၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်းနှင့် တာဗီယံ(ငါးခုံးမကြီး)များ ကြီးထွားရှင်သန်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ လားရှိုးမြို့ အဆင့်မြင့်ဝက်မွေးမြူရေးခြံသို့ ရောက်ရှိကြရာ ခြံမန်နေဂျာ ဒေါက်တာဆွေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသအခြေအနေအရ ဒေသခံတိုင်းရင်းသားများအား ဝက်မွေးမြူရာ၌ မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေးနှင့် အကျိုးဖြစ်ထွန်းစေရေးအတွက် လားရှိုးမြို့ အဆင့်မြင့်ဝက်မွေးမြူရေးခြံ တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

တိုးချဲ့ဆောင်ရွက်

ဆက်လက်၍ ခြံမန်နေဂျာ ဒေါက်တာဆွေလွင်က အဆင့်မြင့်ဝက်မွေးမြူရေးခြံ၌ မွေးမြူနိုင်မည့် ဝက်ကောင်ရေ၊ လက်ရှိတွင် မျိုးဝက်နှင့် သားခွဲဝက်များ မွေးမြူထားရှိမှုနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပိုမိုဖွံ့ဖြိုးတိုးတက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ တိုင်းရင်းသားပြည်သူများအား စံပြအဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ပြသနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားစွာ တိုးတက်လုပ်ကိုင်လာမှု၊ ဒေသလိုအပ်ချက်အရ တိရစ္ဆာန်အစားအစာစက်ရုံ စီစဉ်ဆောက်လုပ်ပါက မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ပြီး ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း လားရှိုးမြို့ အဆင့်မြင့်ဝက်မွေးမြူရေးခြံရှိ မျိုးဝက်ရုံ၌ မျိုးဝက်များ စနစ်တကျ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် မိမိဒေသအကျိုးရှိအောင်၊ မိမိနှင့် မိမိအဖွဲ့အစည်းလည်း အကျိုးရှိအောင် လုပ်ကိုင်ကြရန် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ အကျိုးအမြတ်ရရှိပုံကို ပြည်သူများ သိမြင်ပြီး လုပ်ကိုင်ဆောင်ရွက်လာအောင် လက်တွေ့ပြသရန်လိုကြောင်း၊ ဒေသလိုအပ်ချက်နှင့် ပြည်ပသို့တင်ပို့နိုင်မည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

မှာကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်ဝက်မွေးမြူရေးခြံရှိ မျိုးဝက်ရုံ၌ မျိုးဝက်ကောင်ရေ ၂၀၀ ကို စနစ်တကျ မွေးမြူထားရှိမှုနှင့် ဝက်သားဖွားရုံနှင့် ဝက်သားခွဲရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

တစ်ဧက တင်း ၂၀၀ ထွက်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေအမှတ်(၁) ဧက ၁၀၀၀မျိုးစေ့ထုတ်ဇုန်ရှိ ဆင်းရတနာ အထူးအထွက်ကောင်းစပါး တစ်ဧကလျှင် တင်း ၂၀၀ထွက်ရှိမည့် High Yield မျိုးစေ့ထုတ်စံပြဧက ၁၀စိုက်ခင်းသို့ ရောက်ရှိကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လားရှိုးခရိုင် မန်နေဂျာ ဦးအောင်မြင့်က ဆင်းရွှေလီ(R)လိုင်း ငါးဧက စံပြစိုက်ပျိုးထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဟင်းသီးဟင်းရွက်ပဒေသာစိုက်ခင်းနှင့် တီလားပီးယားငါးနှင့် ရွှေဝါငါးကြင်း မွေးမြူရေးကန် ၁၀ကန်၌ တစ်ကန်လျှင် ငါးကောင်ရေ ၅၅၀၀၀စီ မွေးမြူထားရှိမှု၊ ဘိန်းအစားထိုးသီးနှံ မက္ကဒေးမီးယားပင် ၆၅၄၆ပင်နှင့် ပျားလိမ္မော်ပင် ၄၄၀၀တို့ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ အောင်ချမ်းသာရေလှောင်ကန်မှ ရေကိုပိုက်ဖြင့်သွယ်တန်းလျက် Hydram စနစ်ဖြင့် ဂါလန်နှစ်သိန်းဆံ့ ရေကန်သို့ ရေတင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှုရပ်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က ကုန်းမြင့်လယ်ယာမြေ ၁၀၀၀ဖော်ထုတ်နေမှု၊ သုတေသနစိုက်ခင်းများ ထူထောင်လုပ်ကိုင်နေမှု၊ အောင်ချမ်းသာရေလှောင်ကန်မှ စိုက်ပျိုးရေရယူမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေးပညာပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လယ်ယာမြေများဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန်၊ စိုက်ပျိုးရေးဖြင့် ဘိန်းစိုက်ပျိုးခြင်းကဲ့သို့ ဝင်ငွေကောင်းစွာရရှိနိုင်ကြောင်း နမူနာပြသနိုင်ရန် ဒေသနေတိုင်းရင်းသားများအား မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနိုင်ရန်နှင့် စိုက်ပျိုးရေးပညာပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဟိုပိတ်ကျေးရွာရှိ လားရှိုးတပ်နယ် တပ်ရင်းများ၏ အောင်ချမ်းသာ ဆည်ရေသောက် အထူးအထွက်တိုး ဆင်းရွှေလီနွေစပါး ဧက ၁၀၀စံပြစိုက်ခင်းသို့ ရောက်ရှိကြရာ ဒေသခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က ဆင်းရွှေလီ နွေစပါးဧက ၁၀၀ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်မြင့်က ဒေသမျိုးစပါးနှင့် ဆင်းရွှေလီမျိုးတို့၏ အထွက်နှုန်းများကို ရှင်းလင်းတင်ပြသည်။

သုတေသနပြုစိုက်ပျိုးရေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တင်ပြချက်အပေါ်ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းမြင့်လယ်ယာမြေများ၌ လက်ဖက်ကိုလည်း စနစ်တကျ သုတေသနပြုစိုက်ပျိုးရေး မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေပူစမ်းကျေးရွာရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆင်းရွှေလီ အထူးအထွက်တိုးစပါးမျိုးစေ့စိုက်ခင်းသို့ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ ပြည်နယ်ရဲမှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ပြည်နယ်ရဲမှူးကြီးဝင်းနိုင်က ဟူးမွန်ဆည်ရေသောက်ဒေသ လယ်မြေဧက ၇၅၀ တွင် နှစ်အလိုက် နွေစပါးစိုက်ပျိုးမှုအခြေအနေ၊ ဆင်းရွှေလီ အထူးအထွက်ကောင်းစပါး High Yield တစ်ဧကတင်း ၂၀၀နှင့် အရည်အသွေးကောင်း ဆင်းရွှေလီမွှေး(ဆန်မွှေး) စိုက်ပျိုးမှုအခြေအနေ၊ တစ်ဧကလျှင် ထွက်ရှိနိုင်မည့် အထွက်နှုန်း၊ မျိုးပင်များ၏ ပင်ပွားထွက်မှု၊ လာမည့်နှစ်တွင် မျိုးဧက ၁၂၀ စိုက်မည့်အစီအစဉ်၊ နေကြာ တစ်ဧက စိုက်ပျိုးထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ပြည်နယ်အတွင်း စိုက်ပျိုးရေးဆောင်ရွက်နိုင်မှု၊ ဒေသဝမ်းစာဖူလုံရန် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဒေသဝမ်းစာ ဖူလုံမှုရရှိခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းကြိုးပမ်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပြည်နယ်အတွင်းစပါးဧက ၃၀၀၀၀အတွက် အထွက်ကောင်းမျိုးများ ဖြန့်ဝေထားမှု အခြေအနေ၊ ဒေသဝမ်းစာ ဖူလုံရုံမျှမက ပိုလျှံသည်အထိ ဝန်ကြီးဌာန၊ ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများနှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)တို့ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒေသခံ တိုင်းရင်းသား တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆင်းရွှေလီ စပါးစိုက်ပျိုးခြင်းဖြင့် ရရှိသောအကျိုးအမြတ် အခြေအနေ၊ ဒေသမျိုးနှင့် ကွာခြားမှု အခြေအနေ၊ ရင်းနှီးလုပ်ကိုင်ရမှု အခြေအနေတို့ကို မေးမြန်းပြီး တိုင်းရင်းသား တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားရေးအတွက် မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုကို ပိုမိုတိုးတက်ဆောင်ရွက်သွားကြရန်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က တောင်သူလယ်သမားများအား စည်းရုံးတိုက်တွန်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆင်းရွှေလီ အထူးအထွက်တိုးစပါးနှင့် ဆင်းရွှေလီမွှေး(ဆန်မွှေး) စပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေကြာစံပြစိုက်ခင်းကို ဆက်လက်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထွက်ခွာကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့သည် ဧပြီ ၂၈ရက် မွန်းလွဲ ၁၂နာရီခွဲတွင် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ပြည်နယ်နှင့် တိုင်းများသို့ လေ့လာရေးခရီး သွားရောက်ကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ပြည်နယ်နှင့် တိုင်းအသီးသီးသို့ လေ့လာရေးခရီး စေလွှတ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လေ့လာရေးသွားရောက်ကြမည့် အသင်းဝင်များက တစ်ဦးချင်း မိတ်ဆက်တင်ပြကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၄

အပူဖုံးခြင်းကို ပန်းကန်တစ်လုံးနှင့်ဖြို

သာဂဒိုး

လူငယ်တစ်ဦး အိမ်အတွင်းဝင်အလာ–

လူငယ် – "ဟာ–ထမင်းဝိုင်းကြီး ဟည်းနေတာနဲ့ တိုးနေပါလား။"

ဒိုး – "ထမင်းဝိုင်းမဟုတ်ပါဘူးကွာ၊ မုန့်ဝိုင်းပါ။ လာဟ၊ သမီးတို့ရေ ဒီကိုယ့်လူအတွက်ကော်ဖီတစ်ခွက်နော်"ဟု အော်ဒါပေးလိုက်ရ၏။

လူငယ် – "တစ်ခုမေးပါရစေ အစ်ကိုဒိုး။ ဒီနှစ်နွေရာသီမှာ ပူတာက တစ်မျိုးစောင်းပြီး ဘာလို့ပုံစံပြောင်းသွားတာလဲခင်ဗျာ။ အရင်ကဟာ နွေရာသီဆို အပူငွေ့လှုပ်ရှားပြီး အပူအားဒဏ်ကို ခံကြရတယ်။ ဒီနှစ်ကတစ်မျိုးကြီးပဲလို ဖြစ်သလား။ ကိုယ်ခန္ဓာရဲ့ အရေပြားမှာ ပူစပ်စပ် ဖျဉ်းတင်းတင်း အနေအထားကြီး ခံစားနေရတယ်။ ဒီလိုဖြစ်တာ ရိုးရိုးလူများအတွက်ကတော့ သတိမထားမိသလို ဖြစ်ပြီး သက်ကြီး ရွယ်အိုများကျတော့ ကိုယ်အရေအပြားမှာ အပူကပ်ရပ်ပြီး စပ်တတ်တတ် ဖြစ်တာကို သိပ်သိသာ ခံစားနေကြရတယ်။ ဒါကို"

ဒိုး – "ကိုယ့်လူအိမ်မှာ သက်ကြီးရွယ်အိုတွေရှိနေပြီထင်တယ်။ ဒါ့ကြောင့် ဒက်ထိကို သိတာပဲလေ"

လူငယ် – "အာ–အဘိုးက အသက်၈၀ကပ်၊ အဘွားက၇၅နှစ်လေ"

ဒိုး – "ခုလိုဟာကဖြင့် ကိုယ်နဲ့မရွှေအေး အသက်နဲ့ထပ်လျက်ပါပဲ။ ထပ်တူပဲကို။ ပူစပ်စပ်တွေ ဖြစ်တာပေါ့ကွယ်။ ရာသီအပူတစ်မျိုးဖြစ်တာကိုသာ ကိုယ့်လူကပြောနေတယ်။ ငါတို့ အရှေ့တောင်အာရှကြီး တစ်ခွင်လုံးဟာ မိုးခေါင်ခြင်းဒဏ်ကို မုချပဲ ဒီနှစ်ခံရမယ်လို့ ကမ္ဘာ့မိုးလေဝသက ကြေညာထား တာများကို သတိမထားမိကြဘူးလားဟ။ အရှေ့တောင်အာရှရဲ့ တချို့ဒေသ တွေမှာ အပူကြီးပြီး မိုးခေါင်တဲ့အထဲမှာ "မြန်မာပြည်မပါဘူး"လို့ ကြေညာချက်က ဆိုလိုက်သေးတယ်"

လူငယ် – "အာ–ဒီလိုကို ကြေညာသလား"

ဒိုး – "ရေဒီယိုကြေညာချက်ကို ငါ့နားအစစ်နဲ့ကတော့ ဒီအတိုင်း အနေအထား ကြားလိုက်ရတာပါပဲ မောင်။ ရာသီဒဏ်ကိစ္စအတော်ကို ဆိုးရွားနေပြီလို့ ခုရက်မှာ ဆိုဆိုနေတယ်။ တချို့နိုင်ငံမှာ မိုးခေါင်ခြင်းဒဏ် သက်သာဖို့ရန် ရာသီပြောင်းဖို့အကြောင်း လေယာဉ်ပျံများနဲ့ ရေခဲတုံးကြီးတွေ ကြဲဖြန့်ချသွားဖို့ တအားလုပ်နေကြတယ်။ ဒီလိုဒီလိုဖြစ်နေချိန်မှာ၊ ကိုယ်တို့မှာ အပူဓာတ်ပြောင်းမှုလေးနဲ့ အရေပြားအမြှေးစပ်တတ်နွေးတေး လောက်ဖြစ်တာ ဘာအရေးလဲကွာ"

လူငယ် – စိတ်လှုပ်ရှားစွာ **"ခုလိုအရှေ့တောင်အာရှကြီးတစ်ခုလုံး ဖြစ်တဲ့ကိစ္စမှာ မြန်မာပြည်က လုံးလုံးမပါတာ မေးစရာ အံ့စရာကြီးဗျနော်"**

ဒိုး – "ဟ–ဟကောင်ရ၊ ဒီစကားက နင်ကမေးစရာလား၊ သူတို့က မေးစရာလား။ **မြန်မာ ဘာလို့မပါလဲလို့ ကမ္ဘာမှာကို မေးစရာက ခဏခဏ ဖြစ်နေတာ သိကြတဲ့အတိုင်းပဲလေ။ ကြက်ငှက်တုပ်ကွေးရောဂါ မြန်မာပြည်ဘာလို့ မဖြစ်တာလဲ၊ မေးကြတာလဲ တသောသောပဲ။ ဆူနာမီ ကိစ္စကတော့ ကမ္ဘာလုံးညံ့အောင်ကို အမေးအခံရဆုံးပဲ။ အခုတစ်ခါ အရှေ့ တောင်အာရှ အပူဖိစီးတဲ့ ကိစ္စအဖြစ်မှာလဲပဲ ဟ– မြန်မာကဘာလို့ မပါတာလဲ၊ ဘာလို့ မဖြစ်တာလဲလို့ တကယ့်ကို မေးစရာတွေ အလိုလိုတွေ ဖြစ်နေပါလေရော။** ဒီကပြန်ပြောစရာကတော့ အစွန်းလွတ်လွတ် တစ်ခွန်းပဲ ပြောစရာ ရှိနေတယ်လေ။ ဒါကတော့ ဒါအဖြေသိရန် စကားကဖြင့် မိုးနတ်မင်းသွားမေးဖို့ပဲ ရှိမှာပဲလို့"

လူငယ် – "ဟုတ်–ဟုတ်တာပဲ"

ဒိုး – "ပြောရရင်တော့ မြန်မာပြည်အပေါ် မနာလိုအပူတွေကလဲ တော်တော် ကို ထူကိုး။ **ဆူနာမီကိစ္စတုန်းက အိန္ဒိယသမုဒ္ဒရာက အက်ဒမန်ကျွန်းကြီးမှာ ကျေပျက်ခဲ့လျက်နဲ့ မြန်မာတို့ ကိုကိုးကျွန်းက ဘာမှကိုမဖြစ်တာ ဘယ်လိုလဲလို့ မေးခွန်းတသဲသဲဖြစ်ခဲ့တယ်။** ခုလိုမေးတော့ ကျုပ်တောင် တစ်ချက်နှက်ချင် သွားတယ်။ ကြည့် "တိရစ္ဆာန်အသိဉာဏ်က လူ့အသိဉာဏ်ထက်တော့ လွန်စွာ အောက်တန်းကျတယ်လို့ ခင်ဗျားတို့ပြောပြောနေ။ ဆူနာမီကိစ္စမှာ လူတွေ သိန်းအများကြီး သေရပြီး တိရစ္ဆာန်မှာတော့ ယုန်တစ်ကောင်တောင် မသေတာ ဘာလို့လဲ"လို့ ကျုပ် သာဂဒိုးက သဝေထိုးပြီး တောင်မှ မေးချင်သေးတယ်။ ဆူနာမီကြီးလာမှာကို အသိဉာဏ်မဲ့ တိရစ္ဆာန်တွေက အစောကြီးသိပြီး လွတ်ရာကို အစောကြီး သွားနေခဲ့ကုန်တာလေ"

လူငယ် – "ဟိုက်–အစစ်ပဲ၊ ဒါမေးခွန်းပဲ"

ဒိုး – "အေး–ဒါတွေကို ပြောရရင် ယုန်ကိုတောင်ပင်လျှင် ဆရာတင်ချင်စိတ် ပေါက်ကုန်လိမ့်မယ်လေ။ ကဲ–မြန်မာပြည်က ဘာလို့ မဖြစ်သလဲ။ သူတို့ကျတော့ ဘာလို့ ခဏခဏဒါတွေ ဖြစ်ဖြစ်နေလဲ ဆိုတဲ့ လမ်းကြောင်းကို ဆက်လက် မောင်းမနေနဲ့တော့။ ကောင်းကင်ကိုပဲ လှမ်းမေးချင် မေးလိုက်ကြ တာပေါ့။ အခု မြန်မာအပူမှာ အရေပြားတွေ အပူဟပ်သလိုတွေ ဖြစ်တတ်နေတာကိုပဲ ဆေးမကူဘဲ ဉာဏ်ကူပြီး အပူငြိမ်းစေ ဖြေလိုက်ကြဖို့ပဲ"

လူငယ် – "ဆေးမကူဘဲ ဉာဏ်ကူပြီးတော့"

ဒိုး – "အေး–ဆေးဖိုးအနေအထား တစ်ပြားမကုန်ဘဲ ဉာဏ်အားကို သုံးထားပြီး နည်းလမ်းအကျနဲ့ ဖြေချလိုက်မယ်လေ။ ဟောဒီမှာ ကြည့်၊ စားပွဲပေါ်က လက်ဖက်ရည်ကြမ်း ခွက်ကျန်လက်ကျန်တွေလေ။ ဒါတွေကို ခုလို စုလိုက်ပြီး အခုလက်ညှိုး၊ လက်ခလယ်နဲ့ တို့တို့ပြီးတော့ ဒူးတွေ၊ ပေါင်တွေကို လိမ်းလိုက်စမ်း။ ဒါလက်ဖက်ရည်ကြမ်း စစ်စစ်ချည်းပဲနော်။ ဟော–အခုလို လိမ်းထားတာကို ယပ်တောင်လေးနဲ့ သာသာလေး–ခပ်ကြည့်စမ်း"

လူငယ် – "ဟာ–ဟောဗျာ၊ အေးစိမ့်စိမ့် ငြိမ့်လှချည့်လား။ ဟာ–အေးပုံလေးကလဲ တစ်မျိုးလန်းဆန်းပြီးပဲ။ ရင်ထဲထိခနဲ ငြိသွားတယ်။ အေးမြမြကြီး။ အရသာ တယ်ရှိပါလား"

ဒိုး – "ဒါကို ဒီလိုဗိုက်တွေလိမ်း၊ ခြေတွေလိမ်း၊ လည်ပင်းတွေလိမ်းနဲ့ အရေပြားပူနေတဲ့ အဘိုးအဘွားတွေကို လုပ်ပေးစမ်း၊ ပြီးတော့ ယပ်ကလေး သာသာ ခပ်ပေးလိုက်စမ်း။ အဲဒါ အရေပြားပူတာ ပျောက်ပြီး ဖိမ်ထဲလဲ ရောက်ပါရော။ တစ်ပြားမှမကုန်ဘဲ အလုပ်ပြီးတဲ့ ဆေးနည်း အစစ်ကွာ"ဟု နည်းပြရာ ကိုယ့်လူမှာ ချက်ချင်းအကျအန အသုံးချပါတော့ပြီ။ "ခေါင်းလည်တဲ့ ပန်ကာလေးရှေ့မှာ ဒီလို သုတ်သုတ်ပေးပြီး ဖိမ်ကြီးယူချင်လဲ ယူပေါ့ကွာ။ တစ်ခုသတိပြုဖို့က အဝတ်ဆွတ်မသုံးနဲ့ဟ၊ အအေးဓာတ်လွန်ကဲရင်လဲ လက်ကပ်၊ ခြေကပ်ဖြစ်ရင် မနေ့ဆေးရုံကြီးနဲ့ နီးသွားမယ်ကွာ။ အရင်နှစ်က အပူလွန်ကဲ ခဲ့တာကို လက်ဖက်ရည်ကြမ်း အအေးသောက်ပြီး တုံ့ပြန်ဖို့ နည်းမှန်တစ်ခု ပေးခဲ့ပြီနော်။ တစ်ခါ သိပ်ကိုအပူကဲတဲ့ နေရာတွေမှာ 'ကျောက်သွေး' နှမ်းနှစ်စေ့လောက်ကို ရေတစ်ဖန်ခွက်မှာ ထည့်သောက်ပြီး ကိုယ်တွင်းအအေးဖန်ဖို့ အကြံပေးခဲ့ပြီးပြီ။ အခုနည်းကတော့ အခုရောဂါအတွက်ပဲ၊ လက်ဖက်ရည်ကြမ်း အကျန်ကိုပင် သဘာဝအအေးရရန် ဖန်လိုက်တာပဲ။ ဒီ လက်ဖက်ရည်ကြမ်း လိမ်းတဲ့အရသာဟာ အဲယားကွန်းတို့၊ ရေခဲတို့လို ဓာတုဗေဒဓာတ် နည်းလမ်းအားဖြင့်လုပ်တဲ့ အအေးနည်းလမ်း မဟုတ်တဲ့အတွက် တန်ဖိုးနည်းလို့ အထင်ကြီးစရာ မဟုတ်ပေမယ့် သဘာဝနဲ့ ကိုယ်တွင်းစွမ်းပကားကြီးစေတာ အမှန်ပါ ဆိုတာကို လုပ်လေ သိလေ၊ သိလေ လုပ်လေ ဖြစ်လိမ့်မယ်"

လူငယ် – "ဒီနေ့လာမိရတာ ကံကောင်းစွပါလား အစ်ကိုကြီးဒိုး။ ခုလို ရိုးရာနည်းလမ်းတွေကို လူကြီးတွေဆီက ဘယ်လိုလုပ်ပြီး တကုတ်ကုတ် ထုတ်ယူနိုင်နေခဲ့တာလဲ။ ကျွန်တော်တို့မှာ မလိုက်နိုင်အောင်ဖြစ်တာ"

ဒိုး – "ဟ–ကိုယ့်လူရ၊ ဒီပညာတွေက ပါးစပ်ပါရင် တတ်ပြီပေါ့ဟာ။ မြန်မာလူကြီးတွေက ဘယ်သူ့ကိုမဆို ပညာကို မသိမလျှိုဘဲ ပြောချင်၊ အသိပေးချင်၊ ဖြန့်ဝေချင်နေကြတာ။ အဖိုးတန်နည်းလမ်းတွေ အများကြီး ရှိနေတာပဲလေ၊ ယူတတ်ရင်ရပါတယ်။ အခုလဲ **အပူဖုံးခြင်းကို ပန်းကန် တစ်လုံးနှင့်ဖြို** ပေါ့ကွာ"။ ။

ဧပြီ ၂၃ ရက်က လှိုင်သာယာမြို့နယ် အမက(၂၄)၌ ၂၀၀၄ခုနှစ် ပထမပြန်စာမေးပွဲအောင် သံဃာတော်များနှင့် ၂၀၀၅ခုနှစ် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲအောင် သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က စာအောင် သံဃာတော်များအား ဂုဏ်ပြုလွှာဆက်ကပ်စဉ်။ (က–ပ)

မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ သစ်တောစိုက်ခင်းများ ညွှန်ချုပ်ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မန္တလေးတိုင်း ညောင်ဦးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ လိုက်ပါလျက် ဧပြီ ၂၁ရက်က ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောအတွင်းရှိ ၂၀၀၃–၂၀၀၄ခုနှစ် ကျေးရွာထင်းစိုက်ခင်း၊ ကာကွယ်တောစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ပျိုးရန် လျာထားသည့် ကျေးရွာထင်းစိုက်ခင်း၊ ကာကွယ်တော စိုက်ခင်းနှင့် ဒေသအစုအဖွဲ့ပိုင်စိုက်ခင်းများ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်လုပ်ငန်းများကို လည်းကောင်း၊ မကွေးတိုင်း ချောက်မြို့နယ် ရွှေပုံတောင် ယခင်နှစ်စိုက်ပျိုးပြီး တမာစိုက်ခင်းနှင့် ၂၀၀၅–၂၀၀၆ခုနှစ်တွင် ထပ်မံစိုက်ပျိုးမည့် စိုက်ခင်း ၂၅၈ ဧက၏ မြေပြုပြင်ခြင်းလုပ်ငန်းများ၊ စိုက်ခင်းဟောင်းများအား ရေလောင်းခြင်း၊ မြစ်ရေတင်ခြင်းလုပ်ငန်းများ၊ မြေပေါ်ကန်တူးဖော်ထားရှိမှု အခြေအနေနှင့် ပျိုးဥယျာဉ်လုပ်ငန်းများကို လည်းကောင်း၊ ဧပြီ၂၂ရက်တွင်မန္တလေးတိုင်း ကျောက်ဆည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ လိုက်ပါလျက် ကျောက်ဆည်မြို့နယ် ကြက်ဆူကြီးစိုက်ခင်း ရှင်သန်အောင်မြင်နေမှု အခြေအနေတို့ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံပြီး စိုက်ပြီး စိုက်ခင်းများရှင်သန်အောင် အလေးထားဆောင်ရွက်ရေး၊ စိုက်ခင်းများ မီးဘေးကြိုတင်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မိုးမကျမီ ယခင်နှစ်စိုက်ခင်းဟောင်းများအား ခါးဆွမြေတောင်မြှောက်ပေးရေး၊ ၂၀၀၅–၂၀၀၆ခုနှစ် စိုက်ခင်းများအတွက် မြေပြုပြင်ခြင်းနှင့် ကျင်းတူးခြင်းလုပ်ငန်းတို့ကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျတူးဖော်ရေး၊ ပျိုးပင်များ ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး ပထမမိုးအမီ အချိန်ကိုက်စိုက်ပျိုးနိုင်အောင် ကြိုတင် စီမံထားရှိရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ရန် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

မီးသတ်ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆို

ရန်ကုန် ဧပြီ ၃၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်တပ်ဖွဲ့ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့် ယှဉ်ပြိုင်ဖြေဆိုပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မီးသတ်သင်တန်းကျောင်း၌ ကျင်းပသည်။

ယင်းသို့ယှဉ်ပြိုင်ဖြေဆိုခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် အရာရှိကြီးများက မီးသတ်တပ်ဖွဲ့ဝင် အရာရှိအဆင့်၊ အကြပ်အဆင့်၊ တပ်သားအဆင့် ယှဉ်ပြိုင်ဖြေဆိုသည့်နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေး အားပေးသည်။

မီးသတ်တပ်ဖွဲ့ကျင့်ဝတ် ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆိုပွဲကို မီးသတ်ဦးစီးဌာနချုပ် ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် ပြည်နယ်၊ တိုင်းမီးသတ် ဦးစီးဌာနများမှ အရာရှိအဆင့်၁၉ဦး၊ အကြပ်အဆင့်၁၉ဦး၊ တပ်သားအဆင့် ၁၉ဦး စုစုပေါင်း ၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြပြီး ပထမ၊ဒုတိယ၊ တတိယဆု ရရှိသူများအား မေ ၅ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီအမ်အေ ရွှေရတု အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

စီမံအုပ်ချုပ်မှု ဒီပလိုမာသင်တန်း (DMA) ရွှေရတု အထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို မေ ၁ ရက် ညနေ ၅ နာရီခွဲတွင် မြရိပ်ညို ရွှင်ရယ်ဟိုတယ် မြက်ခင်းပြင်၌ စတင်ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ည ၆ နာရီခွဲတွင် ညစာစားပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

ညစာစားပွဲ လက်မှတ်များကို ဦးဝင်းမော် အမှတ်(၂၁) အာသာဝတီလမ်း အလုံ ဖုန်း–၀၉၅၀၀၂၃၅၉၊ ဦးမင်းမြတ်စိုး ၅၀၇/၁၂ ပြည်ရိပ်သာ ကမာရွတ် ဖုန်း–၀၉၈၀ ၃၄၁၇၈၊ ဦးကျော်ဖြိုးလင်း PACE Computer ၁၂၅ သိမ်ဖြူလမ်း ဖုန်း–၂၀၃၀၈၂၊ ဦးသန်းထူး စီမံခန့်ခွဲမှုပညာဌာန လှိုင်နယ်မြေ ဖုန်း–၆၆၀၈၂၂၊ ဦးဝင်းမြင့် ဖုန်း–၂၂၁၄၃၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၈ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ အဘိုး ဦးစိန်တိုး–အဘွားဒေါ်ခင်ညွန့်၊ အဖ ဦးကျော်သိန်း–အမိ ဒေါ်မမကြီး၊ အဖ ဦးခင်စိန်–အမိဒေါ်မြစိန်နှင့် အစ်ကို ကိုသန်းအောင်တို့အား ရည်စူး၍ ကျောက်တံတားမြို့နယ် အမှတ် (၁၄၅) ၃၆ လမ်းနေ ကိုအေးကြူ–မငွေငွေးစိန်မိသားစုက ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်စိုးက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

နိုင်ငံခြားငွေရရှိရေးရည်ရွယ် တီလားပီးယားငါးဈေးပွဲတော်(၂၀၀၅)ဖွင့်

ရန်ကုန် ဧပြီ ၃၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် တီလားပီးယားငါးဈေးပွဲတော်(၂၀၀၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ တီလားပီးယားငါးဈေးပွဲတော်(၂၀၀၅) ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေတို့က တီလားပီးယားငါးဈေးပွဲတော် (၂၀၀၅)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တီလားပီးယားငါးကို အသုံးပြု၍ အစားအစာချက်ပြုတ် ယှဉ်ပြိုင်ပွဲကို စတင်ကျင်းပရာ အကဲဖြတ် ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင် ဟင်းလျာများကို အကဲဖြတ် အမှတ်ပေးကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသူများသည် တီလားပီးယားငါးကို အသုံးပြုချက်ပြုတ်သည့် စားသောက်ဆိုင်များ၊ ပြိုင်ပွဲဝင်ဆိုင်ခန်းများနှင့်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရည်ရွယ်ကျင်းပ

အဆိုပါ တီလားပီးယားငါးဈေးပွဲတော်(၂၀၀၅)ကို ကျင်းပရသည့် ရည်ရွယ်ချက်များမှာ မြန်မာလူမျိုးများ ယခင်စားသုံးခဲ့ဖူးသော တီလားပီးယားငါးမျိုးဟောင်းများ၏ အားနည်းချက်များကြောင့် နှစ်သက်မှုမရှိဖြစ်ခဲ့ရခြင်းကို နောက်ဆုံးပေါ်မျိုးကောင်းမျိုးသန့်တီလားပီးယားငါးမျိုးသစ်ကို မွေးမြူစားသုံးစေခြင်းဖြင့် ထူးကဲသော အရသာကို သိရှိ၍ နှစ်ခြိုက်လက်ခံလာစေရန်၊ ကျေးလက်ဒေသနေ တောင်သူလယ်သမားများ တစ်နိုင်တစ်ပိုင် နိုင်ငံအနှံ့မွေးမြူနိုင်သည့် ငါးမျိုးဖြစ်သောကြောင့် နိုင်ငံတော်က ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အထောက်အကူပြုနိုင်စေရန်၊ ခေတ်မီတီလားပီးယားငါးမျိုးကောင်းမျိုးသန့်များကို သားဖောက်ထုတ်လုပ်ပြီး သိပ္ပံနည်းကျဖော်စပ်ထားသည့် အစာတောင့်များကို ကျွေး၍ အသားတိုးမွေးမြူသည့်စနစ် မြန်မာနိုင်ငံရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် တိုးတက်ဖြစ်ထွန်းလာစေရန်၊ ပြည်ပပို့ကုန်အဖြစ်တင်ပို့ရာတွင် နိုင်ငံတကာဈေးကွက်၌ ဝယ်လိုအားကြီးမားသော တီလားပီးယားငါးကို နိုင်ငံတကာသို့ တင်ပို့၍ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိလာစေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

တီလားပီးယားငါးဈေးပွဲသို့ လာရောက် လေ့လာ၍ မြန်မာ့ရေမြေသယံဇာတနှင့်ကိုက်ညီပြီး နိုင်ငံတကာငါးဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်နေသော မျိုးကောင်းမျိုးသန့်တီလားပီးယားငါးများကို တိုးချဲ့မွေးမြူကာ နိုင်ငံခြားငွေရရှိရေးတို့အတွက် ဆောင်ရွက်သွားနိုင်ကြောင်း သိရသည်။

အဆိုပါ တီလားပီးယားငါးဈေးပွဲတော်ကို မေ၁ရက်တွင် ညနေ၃နာရီခွဲမှ ည၈နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာ ဆက်လက်ခင်းကျင်းပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်သွေးဦးက ပြည်နယ်နှင့် တိုင်းအသီးသီးသို့ သွားရောက်လေ့လာရာတွင် အသင်းဝင်များအနေဖြင့် တိုင်းရင်းသားပြည်သူများအား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးအတွက် စည်းရုံးဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်တွေ့ရှိသိမြင်၍ ဆက်လက် ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူတို့နှင့် အတူလက်တွဲဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လေ့လာရေးရောက်ရှိရာတွင် တိုင်းရင်းသားပြည်သူတို့နှင့် လက်ပွန်းတတီးနေထိုင်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားကြိုးမာန်တက် ကူညီဆောင်ရွက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာ ကြွယ်ဝရေးတို့ကို အလေးထားစည်းရုံးလှုံ့ဆော်ကာ စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် နိုးကြားတက်ကြွစွာ ဆောင်ရွက်ကြရေး မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဝါးခယ်မ အလက(၂) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၃၀

ဝါးခယ်မမြို့ အလက(၂) (ဦးဗိုလ်ကြီးကျောင်း) ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)ဒေါ်တင်တင်ဦးနှင့် သက်ပြည့်အငြိမ်းစား မြတ်ဆရာ ဆရာမများ စတုတ္ထအကြိမ်ပူဇော်ပွဲကို (၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၈ ရက်) မေ ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ဝါးခယ်မမြို့ အလက(၂)ခန်းမတွင် ကျင်းပရန်စီစဉ်ထားသည်။

အပူဇော်ခံမြတ်ဆရာများနှင့် ပူဇော်ကန်တော့ရန်ဆန္ဒရှိသူ တပည့်အပေါင်းတို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ပူဇော်ပွဲအတွက် ကန်တော့ပစ္စည်းများနှင့်အလှူငွေများကို ဗိုလ်မှူးလှထွန်း ဖုန်း–၂၁၁၈၈၀၊ ၀၉–၅၁၁၆၄၃၊ ဦးမြတ်ကြွယ် ဖုန်း– ၅၇၀၁၇၉၊ ဒေါ်ခင်စိုး ဖုန်း– ၆၈၂၃၄၈၊ ၆၆၇၆၇၃၊ ဦးရဲဝင်း ဖုန်း–၅၄၃၂၉၆၊ ဦးကျော် ဖုန်း–၂၂၆၅၉၀၊ ဒေါ်တင်နွယ်ဦး ဖုန်း– ၅၄၆၄၀၄၊ လိုင်းခွဲ ၁၂၆ ရန်ကုန်မြို့နှင့် ဒေါက်တာအောင်နိုင်၊ ဦးအောင်ကျော်နု(အလက–၂)၊ဒေါ်ခင်ခင်အု (အထပြ၊ ငြိမ်း)၊ ဒေါ်အုံးမြိုင်(အထက–၁)၊ ဒေါ်ဆွေဆွေဝင်း ကမ်းနားလမ်း၊ ဒေါ်ရီရီ(မြသိဒ္ဓိ) ဝါးခယ်မမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၅

မေလ (၄) မှ (၁၀)ရက်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဧပြီ ၃၀ ရက်က ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၄– ၂၀၀၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်က ဒသမတန်းကျောင်းသူ မခင်စပယ်ဘိုအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် ဦးတန်ခူးလပြည့်ကျော်၈ရက် (ဥပုသ်နေ့)

၁–၅–၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း–၃၁)
၁၂း၂၀	၅။	တီလားပီးယားငါးဈေးပွဲတော်ဆိုင်ရာ သိကောင်းစရာ
၁၂း၃၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်မည်သော ရပ်ဝန်း၌"** ဝေဠုကျော်၊ ခိုင်သင်းကြည် [ဒါရိုက်တာ–မောင်နီလွင် (သပြု)]
၁၄း၂၀	၇။	တေးဂီတအစီအစဉ်
၁၄း၃၀	၈။	ဆပ်သွားတံတား
၁၄း၄၅	၉။	International News
၁၅း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သချ်ာအထူးပြု) (သချ်ာ)
၁၇း၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၂၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၃၀	၈။	တေးဂီတအစီအစဉ်
၁၇း၄၅	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း–၁၈)
၁၉း၃၀	၁၃။	တေးဂီတအစီအစဉ်
၁၉း၄၀	၁၄။	အာဆီယံဓာတ်ပုံပြပွဲ ခင်းကျင်းပြသရေးနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား
၁၉း၄၅	၁၅။	Summit ဆီမှ Summit
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၃၇)**
	၂၀။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး ပင်လုံမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် ဧပြီ ၂၇ရက် နံနက်ပိုင်းက ပင်လုံမြို့သို့ ရောက်ရှိပြီး ပင်လုံမြို့တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး တည်ဆောက်နေမှုနှင့် ပင်လုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးတင့်လွင်က စေတီတော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က စေတီတော်ပရဝဏ်အတွင်း ဗောဓိညောင်ပင်များ၊ လုမ္ဗိနီ အင်ကြင်းပင်များ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ စေတီတော်တည်ဆောက်ရေးအတွက် လှူဒါန်းငွေကျပ်သိန်း၁၈၀ကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိ၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆွေးနွေးမှာကြားပြီး စေတီတော် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါလျက် ပင်လုံမြို့သို့ရောက်ရှိကြပြီး မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံရာ ရှေးဦးစွာ ပင်လုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်က ပင်လုံမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်သင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ပင်လုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် အဓိကသီးနှံကြီး ၁၀မျိုးနှင့် ဒေသတွင်း ဖြစ်ထွန်းသီးနှံမျိုး ၃၀စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပင်လုံမြို့နယ် (၂၅)ခုတင်ဆံ့ ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့သို့ ငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧပြီ ၂၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးသူ ဈေးသားများ စုပေါင်းကျင်းပသည့် (၂၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ အခမ်းအနားကျင်းပရာ ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုန္ဒကနှင့်သံဃာတော်များအား ဈေးတာဝန်ခံ ဦးဖြေမင်းက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

စိန္တာမုနိစေတီ စေတီတော်မြတ်ကြီးပရိဝုဏ်၌ အဝီစိတွင်းတူးရန် အလှူငွေများပေးအပ်

ရန်ကုန် ဧပြီ ၃၀

မန္တလေးတိုင်း ညောင်ဦးမြို့နယ် စဥ့်ကူမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် စိန္တာမုနိစေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ ဘက်စုံတည်ဆောက် ပြုပြင်မွမ်းမံလျက်ရှိရာ စေတီတော်ကြီး ပရိဝုဏ်၌ အဝီစိတွင်း တူးဖော်ရန်အတွက် အလှူငွေကျပ် လေးသိန်း ငါးသောင်းကို စဥ့်ကူမြို့ မဟာဝိသုတာရုံတိုက်သစ် ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ(စဥ့်ကူ ဆရာတော်)နှင့် ဗိုလ်တထောင်မြို့နယ် ၄၈လမ်းနေ ဦးစိုင်းဘုန်းထူး (ဗီဒီယိုနှင့်ဓာတ်ပုံ)၊ ဒေါ်ဖြူဖြူညွန့်နှင့် သားများ **(အောက်ပုံ)**က ဧပြီ ၂၄ရက်က ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ရုံး၌ ပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများဖြစ်ကြသော ဦးယဉ်ကျော်၊ ဦးစိုးဝင်း၊ ဦးခင်မောင်စိုး၊ အဖွဲ့ဥက္ကဋ္ဌဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် အမှုဆောင်များက လက်ခံရယူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းအတွင်းဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၂၂ရက်က မန္တလေးတိုင်း တပ်ကုန်းမြို့နှင့် ရမည်းသင်းမြို့တို့သို့ သွားရောက်ပြီး ဆက်သွယ်ရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအဆင့်မြင့်ဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့ ဆက်သွယ်ရေး အော်တိုအိတ်ချိန်းတိုးချဲ့တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရမည်းသင်းမြို့နယ် ရွှေဓားရွာအနီး၌ ဒိုင်းမွန်း ပဲလေ့ ကုမ္ပဏီက တည်ဆောက်လျက်ရှိသော အဆင့်မြင့်ယာဉ်ရပ်နားစခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန် စံညွှန်းမီ အမြန်ပြီးစီးရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာတော်များပူဇော် ယဉ်ကျေးမှုသင်တန်းဆင်း

ရန်ကုန် ဧပြီ ၃၀

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအမှူးပြုသော ဆရာတော်များအား ပူဇော်ပွဲ၊ဩဝါဒခံယူပွဲနှင့် ယဉ်ကျေးလိမ္မာကလေးကမ္ဘာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် ၁၀၄ရပ်ကွက်ရှိ ရွှေဝါဝင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းမြို့ ဇေယျသိန် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဩဝါဒကထာနာယူကြသည်။ထို့နောက် ဆရာတော်ကြီးများအားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ဆက်လက်၍တာဝန်ရှိသူများက ထူးချွန်ဆုရ ယဉ်ကျေးလိမ္မာ ကလေးကမ္ဘာသင်တန်းသား၊သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြန်မာ့အလင်း)**

အသိဉာဏ်ဖြင့် ဖန်တီးထားသော ပစ္စည်းမူပိုင်ခွင့် သတင်းအချက်အလက်များ ရှာဖွေမှု သင်တန်းပို့ချ

ရန်ကုန် ဧပြီ ၃၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကြီးမှူး၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းတို့၏ပံ့ပိုးကူညီမှုဖြင့်အသိဉာဏ်ဖြင့် ဖန်တီးထားသောပစ္စည်း (Intellectual Property) မူပိုင်ခွင့် သတင်း အချက်အလက်များ ရှာဖွေမှုဆိုင်ရာ သင်တန်းပို့ချမှုကို ဧပြီ ၂၇ရက်က လှိုင်မြို့နယ် MICT Park ရှိ ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် World Intellectual Property Organization. (WIPO) လက်အောက်ရှိ Industrial Property Information Services for Developing Countries မှ ပညာရှင် Dr. Jose Luis Herce တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသွယ်က အသိဉာဏ်ဖြင့်ဖန်တီးသော ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများကိုရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Dr. Jose Luis Herce က အသိဉာဏ်ဖြင့်ဖန်တီးသောပစ္စည်း မူပိုင်ခွင့်သတင်းအချက်အလက်များ ရှာဖွေမှုကို ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

ဧပြီ ၂၄ရက်က လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ စခန်းသစ်ဝင်း အတွင်း၌ ရေကန်တူးဖော်ခြင်းလုပ်ငန်းကိုတပျော်တပါး စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၈၀)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းအမှတ်စဉ် (၅/၂၀၀၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ၂၆ရက် နံနက်ပိုင်းက မီးသတ် သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မီးသတ်ဦးစီးဌာနရုံးချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်း မီးသတ်ဦးစီး ဌာနမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ ပြည်နယ်/တိုင်းများမှ သင်တန်းသား အရန်မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း အမှတ်စဉ်(၅/၂၀၀၅) သင်တန်းသို့ သင်တန်းသား၁၀၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲများကို သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အီရတ်အသင်း၏ ရိုက်ချက်ကို မြန်မာအသင်းမှ လက်ပြန်ရိုက်ချက်ဖြင့် ခုခံကာကွယ်စဉ်။ (မြန်မာ့အလင်း)

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 2005 Davis Cup-Asia Oceania Zone Group-IVတင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် စတုတ္ထနေ့ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် ဆီးရီးယားအသင်းက ကာဂျစ်(စ်)တန် အသင်းကို သုံးပွဲ -ပွဲမရှိဖြင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အသင်းက တာ့ခ်မင်နစ္စတန်အသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့်လည်းကောင်း၊ စင်ကာပူ အသင်းက ဂျော်ဒန်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာအသင်းက အီရတ်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲ၏ ပဉ္စမနေ့ပွဲစဉ်များကို မေ ၁ ရက်**(ယနေ့)**နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းစီးအားကစားပြိုင်ပွဲ အလှစီးပွဲစဉ်ကျင်းပ

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား(အလွတ်တန်း)မြင်းစီးအားကစားပြိုင်ပွဲကို ယနေ့နံနက်၈နာရီခွဲက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအားကစားကွင်း(YECC Club)၌ကျင်းပသည်။

ပထမနေ့ပွဲစဉ်များအဖြစ် မြင်းရေးကျွမ်းကျင်မှုအလှစီး(Dressage)ပြိုင်ပွဲကိုကျင်းပရာ အသက်(၁၂)နှစ်အောက် ပြိုင်ပွဲတွင် ပထမ မယမုံဦး၊ ဒုတိယ အီဇာ၊အသက်(၁၆)နှစ်အောက် ပြိုင်ပွဲတွင် ပထမ မစုစုပုလဲ၊ ဒုတိယ မကြည်သာလင်း၊ တတိယ မအေးသက်တာ၊ အသက်(၂၀)အောက် ပြိုင်ပွဲတွင် ပထမ မအိသက်မွန်၊ ဒုတိယမောင်ဇင်မင်းဦး၊ တတိယ မယုယုလှိုင်တို့က ရရှိသွားသည်။

မေ ၁ ရက်နံနက် ၈ နာရီခွဲတွင် တန်းခုန်(Show Jumping)ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

အသက် (၂၀)အောက် မြင်းအလှစီးပြိုင်ပွဲတွင် ပထမရရှိသွားသော မအိသက်မွန် ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)



တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၃၀

လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ်ဂေါက်ကွင်းတွင် ဧပြီ၉ရက်က ဦးလှရွှေမိုး(ခရိုင်အား/ကာ)သည် ကျင်းအမှတ်(၃)၌ EV-01အမျိုးအစားဘောလုံးကို Arizonaသံတုတ်နံပါတ်ကိုးဖြင့် ရိုက်လိုက်ရာ ၁၅၆ကိုက်အကွာအဝေးရှိ ကျင်းထဲသို့ တစ်ချက်တည်းဖြင့် ဝင်သွားသည်။ ယင်းအချိန်တွင် ကစားဖော်များအဖြစ် ဒေါက်တာမောင်မောင်တင်၊ ဦးခင်မောင်ဆွေ(ရဲသတင်းတပ်ဖွဲ့)၊ ဦးစိုင်းမြမောင်၊ ဦးမျိုးဝင်းနှင့် ဦးရာဇာတို့ အတူရှိနေကြသည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၃၀

ဦးညွန့်အေးသည် ကစားဖော်များဖြစ်ကြသော ဦးစိန်သန်း၊ ဦးသိန်းတိုးတို့နှင့်အတူ ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(မြကန်သာကွင်း)၌ ဂေါက်သီးရိုက်ကစားစဉ် Tour Special (7) ဘောလုံးကို Wood (3) Callaway တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၇ကိုက်အကွာအဝေး၌ရှိသော ကျင်းအမှတ်၁၆သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင် မြို့တော်စည်ပင်အသင်းက ၁၅ပွဲကစား (၂၇)မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၄ပွဲကစား (၂၃)မှတ်ရရှိထားကြသည်။

မေ ၁ရက်တွင် ပွဲမရှိဘဲ၊ မေ ၂ရက် ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ဆန်းဒါးလန်းကဝက်စ်ဟမ်းအသင်းကိုအနိုင်ရ လာမည့်ပရီမီယာလိဂ်တွင်အတန်းတက်မည်

လန်ဒန် ဧပြီ ၃၀

အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့သည် ဧပြီ၂၉ရက်က အပ်တွန်ပက်ခ်၌ ယှဉ်ပြိုင်ကစားကြရာ ဆန်းဒါးလန်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရသွားသည်။

ပွဲစလျှင်စချင်း နှစ်သင်းစလုံး တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၄၃ မိနစ်တွင် မာလွန်ဟာရီဝုဒ်က ဝက်စ်ဟမ်းအသင်းအတွက် တစ်ဂိုးသွင်းပေးခဲ့သည်။

ဆန်းဒါးလန်းတို့ ချေပဂိုးရရှိရေးအတွက် အကြိတ်အနယ် ထိုးဖောက်ကစားရာပွဲချိန် ၅၂ မိနစ်တွင် ဂျူလီယိုအာကာက ဆန်းဒါးလန်းအတွက် ချေပဂိုးသွင်းခဲ့သည်။

တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေချိန်တွင် အနိုင်ဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ပွဲပြီးရန် သုံးမိနစ်အလိုတွင် မားကက်စတီးဝပ်အစား လူစားဝင်လာသူ စတီဗင်အီလ်လီရော့က ဆန်းဒါးလန်းအတွက် အနိုင်ဂိုးသွင်းပေးလိုက်သည်။

ဆန်းဒါးလန်း အသင်းသည် ယင်းပွဲအနိုင်ရရှိသွား၍ လာမည့် ပရီမီယာလိဂ် ဘောလုံးရာသီတွင် အတန်းတက်ရန် သေချာသွားပြီဖြစ်သည်။ **(အင်တာနက်)**

ဆန်းဒါးလန်း အောင်ပွဲခံ

အင်္ဂလိပ်ချန်ပီယံရှစ်ဘောလုံး ပြိုင်ပွဲတွင် ဆန်းဒါးလန်းအသင်းသားများ ဝက်စ်ဟမ်းကိုနိုင်ပြီးဥသို့ အောင်ပွဲခံခဲ့ကြသည်။

(ဓာတ်ပုံ - အင်တာနက်)

ဥရောပ ဘင်တန်ဝိတ်တန်းသရေဖူ မွန်ရှိပါးဆက်လက်ထိန်းသိမ်းနိုင်

မာဆေး ဧပြီ ၃၀

ဒဗလျူဘီအေ ဥရောပဘင်တန်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲကို ဧပြီ၂၉ရက်က ပြင်သစ်နိုင်ငံတောင်ပိုင်း မာဆေးမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အဆိုပါ ဒဗလျူဘီအေ ဥရောပဘင်တန်ဝိတ်တန်း ချန်ပီယံလုပွဲတွင် ပြင်သစ်မှ မတ်ရာမွန်ရှိပါး(ယာ)နှင့် စိန်ခေါ်သူ ဂျပန်နိုင်ငံသား ရှီဂဲရုနာဂါဇာတိုတို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ မွန်ရှိပါးက ခြောက်ချီမြောက်တွင် အလဲထိုး အနိုင်ယူခဲ့သည်။ **(အောက်ပုံ)**

မွန်ရှိပါးသည် ယမန်နှစ်က အဆိုပါ ဥရောပဘင်တန်ဝိတ်တန်း ချန်ပီယံဖြစ်၍ သူ၏ချန်ပီယံသရဖူကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ **(အေပီ)**

မာရာဒိုနာနှင့်ရော်နယ်ဒို ဂေါက်သီးကစားကြမည်

ဗျူနိုအေးရီးစ် ဧပြီ ၃၀

အာဂျင်တီးနား ဘောလုံးအသင်း အကျော်အမော် မာရာဒိုနာသည် မေ ၅ရက်တွင် စပိန်နိုင်ငံသို့ သွားရောက်ကာ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို၊ အာရီဂိုဆက်ချီ၊ ဗင်ဒါလီလူဇင်ဘာဂိုတို့နှင့်အတူဂေါက်သီးရိုက် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြနှင့် ညွှန်ကြားရေးမှူးက ပြောကြားသည်။

မာရာဒိုနာသည် အလက်တီကိုဒီမက်ဒရစ်၌ လေ့ကျင့်ခန်းဆင်းလိမ့်မည်ဖြစ်ကြောင်း၊ ရော်နယ်ဒိုနှင့် အတူနေရန် ဘာစီလိုနာသို့လာရောက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **(ဆင်ဟွာ)**

နောက်တန်းလူဖာဒီနန် မန်ယူမှာဆက်နေမည်

လန်ဒန် ဧပြီ ၃၀

မန်ချက်စတာယူနိုက်တက် နောက်တန်းလူ ရီယိုဖာဒီနန်သည် မန်နေဂျာ အလက်စ်ဖာဂူဆန်၏ လိုလားတောင့်တချက်အရ မန်ချက်စတာယူနိုက်တက်တွင် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း စနေနေ့က ကတိပြုပြောကြားလိုက်သည်။

ဖာဒီနန်အား ရှစ်လတာပိတ်ပင်ခံခဲ့ရစဉ်က ဖာဂူဆန်က ၎င်းအား ကျောထောက်နောက်ခံပြု၍ အားပေးခဲ့သူဖြစ်၍ ယင်းကဲ့သို့ စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ယူနီဆက်သံတမန်အဖြစ် အီတိုးကိုခန့်အပ်

မက်ဒရစ် ဧပြီ ၃၀

စပိန်ဘောလုံးအသင်း ဘာစီလိုနာအသင်းတွင် ကစားနေသော ကင်မရွန်းတိုက်စစ်မှူး ဆင်မြူးရယ်အီတိုးအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)က ၎င်း၏သံတမန်အဖြစ် သောကြာနေ့က ရွေးချယ်လိုက်သည်။

ယင်းရွေးချယ်မှုအရ မေ ၂၇ ရက်တွင် မက်ဒရစ်စီးပွား လူမှုရေးကောင်စီတွင် စတင်တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း ယူနီဆက်က ပြောကြားသည်။ **(ဆင်ဟွာ)**

မန္တလေး ဂဂုလမ်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေး ရေဆိုးစစ်ကန်တူးဖော်

မန္တလေး ဧပြီ ၂၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၃ရက် နံနက် ၈နာရီက မဟာအောင်မြေမြို့နယ် ၈၇လမ်း ဝဲ၊ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်အတွင်းရှိ လမ်းသွယ်အား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အောင်မြေသာစံမြို့နယ်ရှိ သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် ရေဆိုးစစ်ကန် အဆင့်ဆင့် တူးဖော်တည်ဆောက်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်ဟောင်းနှင့် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ကြားရှိ ၈၇လမ်းသို့ရောက်ရှိပြီး ၈၇လမ်း ဝဲ၊ယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျီးချောင်းအတွင်းသို့ စီးဝင်သည့် ရေနုတ်မြောင်းများ၏ ရေစီးဆင်းမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်အတွင်း ပတ္တမြားကျောင်းတိုက်အနီး ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ လမ်းသွယ်အား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အဆိုပါလမ်းပေါ်ရှိ ရေနုတ်မြောင်းကူးတံတား တည်ဆောက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် စက်ယန္တရားကြီးများဖြင့် ရေဆိုးစစ်ကန် အဆင့်ဆင့် တူးဖော်တည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့်တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးမြို့တော်စည်ပင်)**

ဇီးကုန်းမြို့နယ်တွင်ကိုယ့်အားကိုယ်ကိုး ပညာတန်ဆောင်စာကြည့်တိုက်ဖွင့်

ဇီးကုန်း ဧပြီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် ချောင်းကမ်းကျေးရွာအုပ်စု ကရင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာတန်ဆောင် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၃ရက် နံနက်၈နာရီက ကျေးရွာဘုန်းတော်ကြီးကျောင်း မွှောရုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး ပညာတန်ဆောင် စာကြည့်တိုက်ကို ကရင်ကုန်း ဘုန်းတော်ကြီးကျောင်း ဆရာတော် အရှင်ပညာဝံသ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကရင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် အရှင်ပညာဝံသက စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ သြဝါဒကထာ မြွက်ကြားပြီး မြို့နယ် ဥက္ကဋ္ဌ ဦးအောင်တင်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နုက ကရင်ကုန်းကျေးရွာ ပညာတန်ဆောင် စာကြည့်တိုက်၊ အလယ်ချောင်းကမ်းကျေးရွာ အလင်းတန်းစာကြည့်တိုက်၊ ငဒါးကျော်ကျေးရွာ အောင်တံခွန် စာကြည့်တိုက်များသို့ စာအုပ်မျိုးစုံ ၅၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစန်းတင်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖြူးမြို့နယ် ကညွတ်ကွင်း-မိဿလင် ကျေးလက် ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့် ကညွတ်ကွင်း ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြင့်တို့ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အလှူရှင် ဦးကိုကိုမောင်- ဒေါက်တာမိုးဝင့်အောင် မိသားစုတို့ လှူဒါန်းသော အလှူရှင် လက်နှိပ်တုံကင် ဖွင့်ပွဲကို ဧပြီ၈ရက်က မြင်းခြံမြို့နယ် ရှားတောစံပြကျေးရွာ၌ကျင်းပရာ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်နန်းအေးမြ၊ အလှူရှင်မိသားစုနှင့် မြင်းခြံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြသီဂီ တို့က လက်နှိပ်တုံကင်တွင်းကို ဖဲကြိုး ဖြတ် ဖွင့်လှစ်ကြစဉ်။ (၄၀၂)

ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲကျင်းပ

ကိုကိုးကျွန်း ဧပြီ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲကို ဧပြီ၂၄ရက်ညနေ၃နာရီက ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့် ကိုကိုးကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က အမှာစကား ပြောကြားကြပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်အေးက ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသော ဧည့်သည်တော်များက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနပြခန်းအတွင်း ခင်းကျင်းပြသထားသော မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အထူးကုဆရာဝန်ကြီးများ ရေတာရှည်မြို့နယ်သို့ ကွင်းဆင်း ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများလှူဒါန်း

ပဲခူး ဧပြီ ၃

ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များအဖွဲ့သည် ဖေဖော်ဝါရီ၂၇ရက်က ရေတာရှည်မြို့နယ် မြို့လှအထက်တန်းကျောင်း၌ ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ကြရာ မြို့လှရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

အခမ်းအနားတွင် တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးနှင့်အဖွဲ့က ကျန်းမာရေးပညာပေး ဟောပြောသည်။

ဆေးဝါးများလှူဒါန်း

ဆက်လက်၍ အထူးကုဆရာဝန်များက မြို့လှနှင့် ပတ်ဝန်းကျင်မှ လူနာ၃၄၅၀ကို အခမဲ့စမ်းသပ်ကုသပြီး **(ယာပုံ)** ဆေးဝါးများ ထောက်ပံ့ရန်အတွက် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်းတန်ဖိုးရှိဆေးဝါး များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

သစ်သီးအလှပုံဖော် သင်တန်းဖွင့်ပွဲကျင်းပ

ဟိုပုံး ဧပြီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော သစ်သီးအလှပုံဖော် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ရက်က ဟိုပုံးမြို့နယ် ရွှေချမ်းသာ မွေတော်ဘုရားကြီး တောင်ဘက် စောင်းတန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေဝင်းက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့်သင်တန်းသူ ၃၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အများပြည်သူအေးချမ်းသာယာရေး အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို လုံးဝလက်မခံ၊ ဆန့်ကျင်ကန့်ကွက်ကြောင်းသဘောထားကြေညာချက်များထုတ်ပြန်

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏အေးချမ်းသာယာရေးကို အနှောင့်အယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာလျက်ရှိသည်။ ယင်းသို့ထုတ်ပြန်ကြေညာကြသော အဖွဲ့အစည်းများအနက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နှင့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့တို့၏ သဘောထားကြေညာချက်အပြည့်အစုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်- (သတင်းစဉ်)

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၏ သဘောထားကြေညာချက်

ဧပြီလ(၃၀)ရက်၊ ၂၀၀၅ခုနှစ်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကို ပေါင်းစုံဖြင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး မှီတင်း နေထိုင်ကြသော နိုင်ငံတော်ကြီးဖြစ်သည်။

၂။ ကျွန်တော်တို့ပါတီကို ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီဟု ခေါ်ဆိုသည့်အတိုင်း တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းစည်း လုံးလုံး၊ ညီညီညွတ်ညွတ်လက်တွဲပြီး ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းအားထုတ်သွားပါ မည်။

၃။ နိုင်ငံတော်ကြီးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်ထောင်စုကြီးပြိုကွဲစေပြီး၊ တိုင်းရင်းသားလူမျိုးများ စည်းလုံး ညီညွတ်မှုကိုပျက်ပြားစေမည့် ၂၀၀၅ခုနှစ် ဧပြီလ(၁၇)ရက်နေ့ တွင် ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကိုဖွဲ့စည်းကြောင်း၊ ရှမ်းပြည် နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်ကြောင်း ဟူသည့် သတင်းထုတ်ပြန်ခြင်းသည် ကျွန်တော်တို့ပါတီ၏ မူဝါဒသဘောထားနှင့် လုံးဝဆန့်ကျင်နေပါသည်။

၄။ နိုင်ငံတော် တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ယင်းဆောင်ရွက် မှုကို လုံးဝလက်မခံ၊ ကန့်ကွက်ဆန့်ကျင်ကြောင်း ကြေညာ လိုက်သည်။

ဦးလော်ဆင်ကွမ်း
စည်းရုံးရေးတာဝန်ခံ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ သဘောထားကြေညာချက်

၁။ ၂၀၀၅ခုနှစ် ဧပြီလ(၁၇)ရက်နေ့တွင် ပြည်ပတစ်နေရာ၌ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ် ကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံ တည်ထောင်ကြောင်း သတင်းထုတ်ပြန်ကြေညာချက်ကို ကြားသိရပါသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်သည် ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၏ မူဝါဒသဘောထားများနှင့်ဆန့်ကျင်ပြီး ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်သည် ၎င်းသတင်း ထုတ်ပြန်ကြေညာသည့်အဖွဲ့နှင့် ဆက်စပ်ပတ်သက်ခြင်း လုံးဝ မရှိပါ။

၃။ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်သည် ပြည်ထောင်စုမှ သီးခြားခွဲထွက်ရေးမူကို မည်သည့်အခါမျှ လက်ခံကျင့်သုံးခြင်း မရှိပါ၊ နောင်တွင်လည်း ကျင့်သုံးမည်မဟုတ်ပါ။

၄။ သို့ဖြစ်ပါ၍ ရှမ်းပြည်အစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ်တည်ထောင်ကြောင်း ကြေညာချက် ကို ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ လုံးဝလက်မခံ၊ ဆန့်ကျင်ကန့်ကွက်ပါကြောင်း ကြေညာလိုက်သည်။

ဦးခွန်တင်ရွှေ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဧပြီလ(၃၀)ရက်

မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ သဘောထားကြေညာချက်

၁။ ၂၀၀၅ခုနှစ် ဧပြီလ(၁၇)ရက်နှင့်(၁၈)ရက်နေ့တွင် VOA,BBC အသံလွှင့်ဌာနများမှ ပြည်ပြေးစဝ်ခမ်ဖအဖွဲ့၏ လွတ်လပ်သော ရှမ်းပြည်အစိုးရကို ဖွဲ့စည်းကြောင်းကြေညာခဲ့သည်ကို သိရှိ ရပါသည်။

၂။ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကိုဦးထိပ်ထား လျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ဖြင့် နိုင်ငံတော်ကိုတည်ဆောက်လျက်ရှိပြီး ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကိုလည်း ကျင်းပ အောင်မြင်မှုရရှိနေပြီ ဖြစ်ပါသည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးတို့သည် ရေးနှစ်ပေါင်းများစွာကပင် အေးအတူ ပူအမျှ အတူတကွ နေထိုင်လာခဲ့သူများ ဖြစ်သည်။

၄။ တိုင်းရင်းသားများက တစ်စုတစ်ဖွဲ့စီ ခွဲထွက်ကြခြင်းအားဖြင့် လုံးဝအကျိုးမရှိနိုင်၊ အန္တရာယ်များဖြစ်နိုင်သည်။ စဝ်ခမ်ဖ၏ ကြေညာချက်သည် အမျိုးသားညီလာခံမှ သဘောတူချမှတ်ခဲ့ ကြသောမူများနှင့်လည်း သွေဖည်ဆန့်ကျင်နေသည်။

၅။ သို့ဖြစ်ပါ၍ စဝ်ခမ်ဖ၏ ကြေညာချက်သည် ပြည်ထောင်စုကြီး ပြိုကွဲစေမည့် လက္ခဏာဖြစ်ပြီး တိုင်းရင်းသားလူမျိုးများအဖို့ ပိုမိုဆိုးကျိုးရလဒ်များနှင့်သာ ကြုံတွေ့ကြရမည်ဖြစ်သဖြင့် လုံးဝ မထောက်ခံ၊ ကန့်ကွက်ကြောင်း မိမိတို့ပါတီ၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်သည်။

ဦးစံသာအောင်
ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်ကော်မတီ
မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဧပြီလ(၃၀)ရက်

သတင်းစာ ရှင်းလင်းပွဲ (၃/၂၀၀၅) စာစောင် ဖြန့်ဝေ

ရန်ကုန် မေ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီသည် ၂၂-၄-၂၀၀၅ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသည့်လုပ်ရပ်ကို ပြုလုပ်လာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွှယ်နေသည့်အဖွဲ့များအား နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အကြောင်းအရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းကိုပြန်ကြည့်လျှင် လူမျိုးရေးစိတ်ဓာတ်ကို အခြေခံသော အမှားကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ပြည်သူများ အတိဒုက္ခရောက်ခဲ့ကြရကြောင်း၊ ယခုလည်း ပြည်ပြေးစော်ဘွားအနွယ်များက ၎င်းအမှားမျိုးကို တစ်ကျော့ပြန်လုပ်လာခြင်းဖြစ်ရာ ယင်းလုပ်ရပ်သည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားလာသဖြင့် တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပါအဝင် တစ်နိုင်ငံလုံးက ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်သွားမှာဖြစ်သကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်ပြည်နယ်/တိုင်းကိုမျှ ပြည်ထောင်စုကြီးထဲမှ ခွဲထွက်ခွင့်ပြုမည်မဟုတ်ကြောင်းဖြင့် သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပြောကြားချက်အပြည့်အစုံဖော်ပြထားသည့် စာစောင်ကို ၁-၅-၂၀၀၅ရက်ထုတ် သတင်းစာများတွင် ပူးတွဲထည့်သွင်းဖြန့်ဝေသွားမည်ဖြစ်ရာ မရရှိပါက သတင်းစာကိုယ်စားလှယ်များထံတွင် အခမဲ့တောင်းယူနိုင်သည်။ **(သတင်းစဉ်)**